ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၂၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ ၂-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ကော်မတီအစည်းအဝေး။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား ကိုယ်စားလှယ် ၎င်းအတိုင်း။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ၎င်းအတိုင်း။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ၎င်းအတိုင်းတို့နှင့် ဒေါ်နော်ခရစ္စထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၉)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၆)ဦး ရှိတဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၆)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၅)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်းရှိ သီရိမြိုင်ရပ်ကွက် အပါအဝင် သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်ကြီးများရှိ လူနေအိမ်ရာ မြေကွက်များကို နိုင်ငံတော်မှ အနှစ်(၃၀)အငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင် က မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်းရှိ သီရိမြိုင်ရပ်ကွက် အပါအဝင် သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်ကြီးများရှိ လူနေအိမ်ရာ မြေကွက်များကို နိုင်ငံတော်မှ အနှစ်(၃၀)အငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါ်နွယ်နွယ်အောင် ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်အတွင်းရှိ သီရိမြိုင်ရပ်ကွက် အပါအဝင် သီရိမင်္ဂလာရပ်ကွက်၊ မုပွန် ရပ်ကွက်၊ ဇေယျာသီရိ ရပ်ကွက်၊ ရွှေမြိုင်သီရိ ရပ်ကွက်ကြီးများရှိ လူနေအိမ်ရာ မြေကွက်များကို နိုင်ငံတော်မှ အနှစ်(၃၀)အငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်သည့်အစီအစဉ်ဖြင့် လုပ်ဆောင်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အချိန် လုံလောက်မှု မရှိပါက အချိန်တိုးမြှင့် မေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးထံ ကြိုတင်ခွင့်တောင်းအပ်ပါတယ်ရှင်။

မေးမြန်းရတဲ့အကြောင်းရင်းကတော့ မော်လမြိုင်မြို့ပေါ်ရှိ သီရိမြိုင်၊ သီရိမင်္ဂလာ၊ မုပွန်၊ ဇေယျာသီရိ၊ ရွှေမြိုင်သီရိရပ်ကွက်များဟာ နိုင်ငံတော်အစိုးရက လူနေရပ်ကွက်များအဖြစ် စနစ်တကျ အကွက်ရိုက် ချပေးထားတဲ့ မြို့ပေါ်မှာရှိတဲ့ စည်ကားတဲ့ လူနေရပ်ကွက်ကြီးများ ဖြစ်ပါတယ်ရှင်။ ဥပမာအားဖြင့် မော်လမြိုင်မြို့နယ် သီရိမြိုင်ရပ်ကွက်ဟာ ၁၉၅၈ ခုနှစ်ကစပြီး နိုင်ငံတော်အစိုးရက စနစ်တကျ အကွက်ရိုက်ကာ ပြည်သူများ နေထိုင်ဖို့အတွက် မြို့ပြရပ်ကွက်အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၅၈-၁၉၅၉ ခုနှစ်မှာ မူလခြံမြေအမျိုးအစားမှ လ/န - ၃၉ ထုတ်ပေးပြီး သီရိမြိုင်ရပ်ကွက် အိမ်ရာမြေ အဖြစ် သတ်မှတ်ပေးခဲ့တဲ့အတွက် အခုအချိန်မှာ တိုက်တာအိမ်ခြေ စုစုပေါင်း(၂၀၁၄)လုံး ဆောက်လုပ် နေထိုင်ကြတဲ့ ရပ်ကွက်ကြီးတစ်ခု ဖြစ်ပါတယ်။ သီရိမြိုင်ရပ်ကွက်တစ်ခုလုံးရဲ့ ဧရိယာ အကျယ်အဝန်းမှာ (၈၉၈)ဧကရှိပြီး လူနေအိမ် ဆောက်လုပ်ထားတဲ့ ဧကဟာ ဧရိယာပေါင်း (၂၅၀)ဧက ရှိပါတယ်။

အဲဒီအပြင် သီရိမြိုင်ရပ်ကွက်ကြီးမှာ အစိုးရအထက်တန်းကျောင်း (၂)ကျောင်း၊ မူလတန်း ကျောင်း(၂)ကျောင်း၊ တိုင်းရင်းဆေးပေးခန်း(၁)ခန်း၊ သီရိမြိုင်ဈေးကြီး၊ အားကစားကွင်း၊ ဘုရားစေတီနှင့် သာသနာ့အဆောက်အဦတွေနဲ့ အလွန်စည်ကားပြီး မြို့ပြအင်္ဂါရပ်နဲ့ ညီညွတ်တဲ့ ရပ်ကွက်ကြီးတစ်ခုလည်း ဖြစ်တဲ့အပြင် စည်ပင်ဧရိယာနယ်မြေအတွင်းမှာလည်း တည်ရှိပါတယ်ရှင်။ သီရိမြိုင်ရပ်ကွက်ကို ပေ( ၅၀× ၅၀) မြေကွက်အဖြစ် စနစ်တကျ အကွက်ရိုက်ပြီး စည်ပင်ဧရိယာအဖြစ် သတ်မှတ်ထားပြီး ဖြစ်သော်လည်း အဲဒီအိမ်ရာမြေတွေကို အခုအချိန်ထိ အငှားဂရန် ထုတ်ပေးထားခြင်း မရှိတဲ့အတွက် ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ ပိုင်ဆိုင်မှုအပေါ်မှာ စိုးရိမ်ပူပန်မှု ရှိနေကြပြီး ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့၊ ခိုင်မာတဲ့ အထောက်အထားများ ရရှိလိုကြတယ်လို့ သိရပါတယ်ရှင်။ အဲဒီရပ်ကွက်မှာ ရှိတဲ့ အိမ်မြေများဟာ အနှစ်(၃၀)အငှားဂရန် ရရှိထားခြင်း မရှိတဲ့အတွက် အိမ်မြေများ အရောင်းအဝယ် ပြုလုပ်တဲ့နေရာမှာ တရားဝင် မှတ်ပုံတင်စာချုပ် (Registration Deed) မလုပ်နိုင်ဘဲ အောက်ခြေအရပ်စာချုပ်များဖြင့်သာ ရောင်းနေရတဲ့အတွက် နိုင်ငံတော်ကို အမှန်တကယ် ထမ်းဆောင်ရမယ့် တံဆိပ်ခေါင်းခွန်၊ အမြတ်ခွန်တွေ မရရှိဘဲ နိုင်ငံတော်မှာလည်းပဲ အခွန်အခတွေ များစွာနစ်နာမှု ဖြစ်ပေါ်စေတယ်လို့ သိရပါတယ်ရှင်။ မြေပိုင်ရှင်များအနေနဲ့လည်း မိမိပိုင်မြေကွက်တွေကို အနှစ် (၃၀)အငှားဂရန် ရရှိမယ်ဆိုရင် ဘဏ်တွေမှာ အပေါင်အာမခံထားပြီးတော့ ချေးငွေတွေ ရယူနိုင်တဲ့အတွက် အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိပြီး နိုင်ငံတော်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်ကိုလည်း အထောက်အပံ့ ဖြစ်စေနိုင်မှာ ဖြစ်ပါတယ်ရှင်။ သီရိမြိုင်ရပ်ကွက် ကဲ့သို့ပင် ကျွန်မတို့ မြို့ပေါ်ရပ်ကွက်ကြီးများအဖြစ် တည်နေတဲ့ သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်များမှာရှိတဲ့ မြေကွက်များဟာလည်းပဲ နိုင်ငံတော်က စနစ်တကျ အကွက်ချပြီး အိမ်ခြေ တိုက်တာများဖြင့် များစွာတည်ရှိသော်လည်းပဲ ကျွန်မတို့ အခုအချိန်ထိ အငှားဂရန် ထုတ်ပေး ထားခြင်း မရှိသေးကြောင်း သိရပါတယ်ရှင်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ မွန်ပြည်နယ်၊ မော်လမြိုင် မြို့နယ်အတွင်းမှာရှိတဲ့ သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ မုပွန်ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်များမှာရှိတဲ့ မြေကွက်များကို နိုင်ငံတော်မှ အနှစ်(၃၀)အငှားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိလို့ရှိရင် မည်သည့်အချိန်မှာ မည်သည့်အစီအစဉ်ဖြင့် သတ်မှတ်လုပ်ဆောင်

ပေးသွားမှာကို အများပြည်သူရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်ကို ၁၉၂၉ ခုနှစ်မှာ သတ်မှတ်ခဲ့ပြီး မူလမြို့မြေမှာ နေထိုင်သူ အိမ်ထောင်စု(၄၂)စုအတွက် ၁၉၉၈ ခုနှစ် မတိုင်ခင်ကတည်းကပင် နှစ်(၃၀)မြေဂရန် (၄၂)ခုကို ထုတ်ပေးထားရှိခဲ့ပါတယ်။ လူဦးရေများပြားလာတဲ့အတွက် ၁၉၆၁ ခုနှစ်မှာ ရပ်ကွက်တိုးချဲ့ရန်အတွက် လယ်ယာမြေအခြားနည်း အသုံးပြုခွင့် လန/၃၉ ရရှိထားတဲ့ ဧရိယာ(၁၁၄.၈၉)ဧကအပေါ်မှာ ပေ(၃၀x ၅၀) မြေကွက်ပေါင်း (၂၀၁၂)ကွက်ကို ဖော်ထုတ်ပြီး အိမ်ထောင်စုများကို မဲနှိုက်စနစ်ဖြင့် မြေနေရာ ချထားပေးခဲ့သော်လည်းပဲ မြေပိုင်ဆိုင်မှု အထောက်အထား ထုတ်ပေးခဲ့ခြင်း မရှိကြောင်း သိရှိရပါတယ်။

ဖော်ထုတ်ခဲ့တဲ့ မြေကွက်များမှာ နေထိုင်သူများထဲမှ မြေငှားဂရန် ရယူလိုသူတွေဟာ ပိုင်ဆိုင်မှု အထောက်အထား ခိုင်မာအောင်ဆောင်ရွက်ပြီး လျှောက်ထားခဲ့တဲ့အတွက် ၁၉၉၇ - ၁၉၉၈ ခုနှစ်၊ နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးရေး စီမံချက်အရ မြေငှားဂရန် ထုတ်ပေးခဲ့သူ (၄၆)ခုဖြစ်တဲ့အတွက် စုစုပေါင်း မြေငှားဂရန် (၈၈)ခု ထုတ်ပေးထားရှိခဲ့ပါတယ်။ သီရိမင်္ဂလာရပ်ကွက်ကို ၁၉၈၉ ခုနှစ် သီရိမင်္ဂလာ ရပ်ကွက်ကနေ ခွဲထုတ်သတ်မှတ်ခဲ့ပြီး လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ရရှိထားတဲ့ ဧရိယာ(၁၃၃)ဧကအပေါ်မှာ ပေ(၄၀ x ၆၀)မြေကွက်ပေါင်း (၁၂၁၀)ကွက် ဖော်ထုတ်ပြီး အိမ်ထောင်စုတွေကို မဲနှိုက်စနစ်နဲ့ မြေနေရာ ချထားပေးခဲ့ပြီး မြေပိုင်ဆိုင်မှုအဖြစ် မြေပေးစလစ်ဝိုင်းများ ထုတ်ပေးပြီး နေထိုင်စေခဲ့ပါတယ်။ ၁၉၉၇-၁၉၉၈ ခုနှစ်၊ နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးရေး စီမံချက်အရ မြေငှားဂရန် ထုတ်ပေးထားရှိမှု စုစုပေါင်း (၂၉၇)ခု ထုတ်ပေးထားရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

အလားတူ ရွှေမြိုင်သီရိရပ်ကွက်ကို ၁၉၂၉ ခုနှစ်မှာ သတ်မှတ်ခဲ့ပြီး မူလမြို့မြေမှာနေထိုင်တဲ့ အိမ်ထောင်စုတွေကို ၁၉၈၈ ခုနှစ်မတိုင်မီကပင် နှစ်(၃၀)မြေငှားဂရန် (၄၆၉)ခု ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ လူဦးရေများပြားလာတဲ့အတွက် ၁၉၈၀ ခုနှစ်မှာ ရပ်ကွက် တိုးချဲ့ဖို့အတွက် လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ရရှိထားတဲ့ မြေဧရိယာ (၉၅.၁၄၉)ဧကပေါ်မှာ ပေ(၃၀ x ၅၀)မြေကွက်ပေါင်း (၁၄၅၇)

ကွက်နဲ့ ပေ(၃၀x၆၀) မြေကွက်ပေါင်း(၂၇)ကွက် စုစုပေါင်း(၁၄၈၄)ကွက်ကိုလည်းကောင်း ၁၉၈၉ - ၁၉၉၀ ခုနှစ်မှာတော့ ရပ်ကွက်တိုးချဲ့ရန် လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ရရှိထားတဲ့ မြေဧရိယာ (၄၁.၇၈၃)ဧက အပေါ်မှာတော့ ပေ (၄၀ x ၆၀) မြေကွက်(၄၈၆)ကွက်ကိုလည်းကောင်း ဖော်ထုတ်ပြီး အိမ်ထောင်စုများကို မဲနှိုက်စနစ်နဲ့ မြေနေရာ ချထားပေးခဲ့ပါတယ်။ သို့သော်လည်း မြေပိုင်ဆိုင်မှု အထောက်အထား ထုတ်ပေးခဲ့ခြင်း မရှိကြောင်း သိရှိရပါတယ်။ ဖော်ထုတ်ခဲ့တဲ့ မြေကွက်တွေကို နေထိုင်လိုသူများထဲမှ မြေငှားဂရန် ရလိုသူတွေဟာ ပိုင်ဆိုင်မှုအထောက်အထား ခိုင်မာအောင် ဆောင်ရွက်ခဲ့ကြပြီး လျှောက်ထားခဲ့တဲ့အတွက် ၁၉၉၇-၁၉၉၈ ခုနှစ်မှာ ဆောင်ရွက်ပေးခဲ့တဲ့ နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးရေး စီမံချက်အရ လက်ရှိမှာ မြေငှားဂရန် စုစုပေါင်း (၁၅၂၄)ခုကို ထုတ်ပေး ထားရှိပြီးဖြစ်ကြောင်း သိရှိရပါတယ်။

အလားတူ ဇေယျာသီရိရပ်ကွက်ကို ၁၉၈၉-၁၉၉၀ မှာ ရွှေမြိုင်သီရိရပ်ကွက်ကနေ ခွဲထွက် သတ်မှတ်ခဲ့ပြီး လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ရရှိထားတဲ့ ဧရိယာ(၂၈၀)ဧကအပေါ်မှာ ပေ(၂၀ x ၆၀)မြေကွက်ပေါင်း (၄၂)ကွက်နဲ့ ပေ(၄၀ x ၆၀)မြေကွက်ပေါင်း (၂၈၁၀)စုစုပေါင်း (၂၈၅၂) ကွက်ကို ဖော်ထုတ်ခဲ့ပြီးတော့ အိမ်ထောင်စုတွေကို မဲနှိုက်စနစ်နဲ့ မြေနေရာ ချထားပေးခဲ့ပါတယ်။ မြေနေရာ ချထားမှုအတွက် ပိုင်ဆိုင်မှုအဖြစ် မြေပေးစလစ်ဝိုင်းများ ထုတ်ပေးနေထိုင်စေခဲ့ပါတယ်။ ၁၉၉၇-၁၉၉၈ ခုနှစ်၊ နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးရေး စီမံချက်အရ မြေငှားဂရန် စုစုပေါင်း(၆၁၅)ခု ထုတ်ပေးထားရှိပြီး ဖြစ်ပါတယ်။

အလားတူ မုပ္ပွန်ရပ်ကွက်ကို ၁၉၂၉ ခုနှစ်မှာ သတ်မှတ်ခဲ့ပြီး မူလနေထိုင်သူ အိမ်ထောင်စု များအတွက် နှစ်(၃၀)မြေငှားဂရန်(၁၀၁)ခုကို ၁၉၈၈ ခုနှစ်၊ မတိုင်ခင်ကတည်းက ထုတ်ပေးထား ရှိခဲ့ပါတယ်။ ၁၉၉၅-၁၉၉၆ ခုနှစ်မှာ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ရရှိထားတဲ့ မြေဧရိယာ (၁၈၆.၀၂)ဧကအပေါ်မှာတော့ မြေ ပေ(၄၀ x ၆၀)မြေကွက်ပေါင်း(၁၆၉၉)ကွက် ဖော်ထုတ်ခဲ့ပြီး အိမ်ထောင်စု တွေကို မဲနှိုက်စနစ်နဲ့ မြေနေရာချထားပေးခဲ့ပေမယ့်လည်း မြေပိုင်ဆိုင်မှု အထောက်အထား ထုတ်ပေးခဲ့ခြင်း မရှိကြောင်း သိရှိရပါတယ်။ ၎င်းမြေကွက်တွေအပေါ်မှာ နေထိုင်သူများအနက် မြေငှားဂရန် ရယူလိုသူ တွေဟာ ပိုင်ဆိုင်မှု အထောက်အထား ခိုင်မာအောင် ဆောင်ရွက်ပြီး လျှောက်ထားခဲ့တဲ့ အတွက် ၁၉၉၇- ၁၉၉၈ခု နှစ်၊ နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးရေး စီမံချက်အရ လက်ရှိမှာမြေငှားဂရန် (၄၅)ခု ထုတ်ပေး ထားရှိပြီး ဖြစ်ပါတယ်။

မော်လမြိုင်မြို့နယ်အတွင်းမှာရှိတဲ့ သီရိမြိုင်ရပ်ကွက်၊ ရွှေမြိုင်သီရိရပ်ကွက်နဲ့ မုပ္ပွန်ရပ်ကွက် တို့ဟာ ၁၉၂၉ ခုနှစ်ကတည်းက ရပ်ကွက်အဖြစ် သတ်မှတ်ခဲ့ပြီး ၎င်းရပ်ကွက်များအလိုက် စတင် ဖွဲ့စည်းစဉ်က မူလနေထိုင်သူ အားလုံးကို နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားကြောင်း တွေ့ရှိ ရပါတယ်။ ဒါ့အပြင် အဆိုပါရပ်ကွက်(၃)ခုမှာ နေထိုင်သူများ ပြားလာတဲ့အတွက်ကြောင့် နောက်ပိုင်းမှာ ရပ်ကွက်ဧရိယာကို တိုးချဲ့ပြီး မြေကွက်များ ဖော်ထုတ်ခြင်း၊ ၁၉၈၉-၁၉၉၀ ခုနှစ်တွေမှာ အဆိုပါ ရပ်ကွက် (၃)ခုမှပင် သီရိမင်္ဂလာရပ်ကွက်၊ ဇေယျာသီရိရပ်ကွက် အသစ်(၂)ခု ထပ်မံခွဲထုတ်ပြီး ပြင်ဆင် ဖွဲ့စည်းသတ်မှတ်ပြီး မြေကွက်များဖော်ထုတ်ကာ မဲနှိုက်စနစ်နဲ့ မြေပိုင်ဆိုင်မှု၊ မြေပေးစလစ်များ ထုတ်ပေးနေရာချထားခြင်း ရှိသကဲ့သို့ ပိုင်ဆိုင်မှု အထောက်အထား ထုတ်ပေးခြင်းမရှိပဲ မဲနှိုက်၍ နေထိုင်စေခဲ့ခြင်းများလည်း တွေ့ရှိရပါတယ်။ မြေပေးစလစ်ပြားနဲ့ လျှောက်ထားလာတဲ့ မြေကွက်များ

အတွက်လည်းကောင်း၊ အရောင်းအဝယ်ပြုလုပ်သူ ကာယကံရှင်(၂)ဦးမှ တရားဝင်အရောင်းအဝယ် စာချုပ်စာတမ်း မှတ်ပုံတင်ပြီး နိုင်ငံတော်သို့ အခွန်ပေးသွင်းထားတဲ့ မြေကွက်များအတွက်လည်းကောင်း မြေပိုင်ဆိုင်မှု အငြင်းပွားခြင်းကြောင့် တရားရုံးရဲ့ အနိုင်ဒီဂရီ တစ်ရပ်ရပ် ရရှိမှု အမွေဆက်ခံပိုင်ခွင့် ရှိကြောင်း တရားဝင် အထောက်အထားရရှိမှု တစ်ရပ်ရပ်ဖြင့်လည်းကောင်း နှစ်(၃၀)မြေငှားဂရန် လျှောက်ထားလာတဲ့ မြေကွက်တွေကို မြေယာ စီမံခန့်ခွဲသော ဥပဒေများနှင့်အညီ စိစစ်ပြီး ဂရန် ထုတ်ပေးမှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ မြေနေရာ ချပေးခဲ့တဲ့ မြေကွက်ပေါင်း စုစုပေါင်း(၉၈၃၃)ခု အနက်မှာ နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးခဲ့တဲ့ အရေအတွက်မှာ (၂၅၂၇)ခု ဖြစ်ပါတယ်။ လက်ရှိမှာ မော်လမြိုင် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သီရိမင်္ဂလာရပ်ကွက်မှ မြေငှားဂရန် လျှောက်ထားဆဲ (၄)ခု၊ ရွှေမြိုင်သီရိရပ်ကွက်မှ မြေငှားဂရန် လျှောက်ထားဆဲ (၄)ခု၊ မုပွန်ရပ်ကွက်မှ မြေငှားဂရန် လျှောက်ထားဆဲ (၄)ခု စုစုပေါင်း(၁၂)ခုကို စိစစ်ပြီးနှစ်(၃၀)မြေငှားဂရန် ထုတ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ မြေငှားဂရန် လျှောက်ထားရန် ကျန်ရှိနေမှုတွေကို စိစစ်တဲ့အခါမှာတော့ အောက်ပါအတိုင်း သုံးသပ် တွေ့ရှိရပါတယ်-

(၁) ရွှေမြိုင်သီရိ၊ သီရိမြိုင်နဲ့ မုပွန်ရပ်ကွက်များ ရပ်ကွက်တိုးချဲ့မြေ ဖော်ထုတ်ရာမှာ မဲစနစ် ဖြင့် ချထားပေးခဲ့တဲ့ မြေကွက်များရဲ့ အထောက်အထား တစ်စုံတစ်ရာကို ကာယကံရှင်များသို့ ပေးအပ် ခဲ့မှု မရှိခြင်း၊ (၂)အထောက်အထား ထုတ်ပေးထားခြင်း မရှိသော မူလမြေနေရာ ချထားခြင်း ခံရတဲ့ ကာယကံရှင်များ ကွယ်လွန်သွားတဲ့အတွက် ၎င်းတို့ရဲ့ အမွေဆက်ခံသူများမှ ဆက်လက်နေထိုင်ရာမှာ အမွေပိုင်ဆိုင်မှု အရှုပ်အရှင်းများ ရှိနေခြင်း၊ (၃) လက်ရှိနေထိုင်သူများမှာ မူလမြေနေရာ ချထားခြင်း ခံရတဲ့ ကာယကံရှင်များထံမှ အရပ်ကတိစာချုပ်နဲ့ အဆင့်ဆင့် လွှဲပြောင်းဝယ်ယူနေထိုင်ပြီး တရားဝင် စာချုပ်စာတမ်း မှတ်ပုံတင် ဆောင်ရွက်ခဲ့မှုမရှိတဲ့အတွက် စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေနဲ့ မကိုက်ညီ သဖြင့် ဆောင်ရွက်၍မရရှိခြင်း၊ (၄)အဆိုပါ တိုးချဲ့ရပ်ကွက်များအတွင်း လွှဲပြောင်းဝယ်ယူ၍ လက်ရှိ နေထိုင်သူများအနေနဲ့ မူလမြေနေရာ ချထားခြင်းခံရသူများကို ပြန်လည်ရှာဖွေစုံစမ်းရာမှာ နှစ်ကာလ ကြာမြင့်နေတဲ့အတွက် ရှာဖွေစုံစမ်းမှု မရရှိခဲ့ခြင်း၊ (၅)အဆိုပါ ရပ်ကွက်များအတွင်း မြေနေရာချထားခြင်း ခံရသူများအနက် မြေငှားဂရန် ရယူလိုသူတွေဟာ မူလအစမှာပင် အထောက်အထား ခိုင်မာအောင် ဆောင်ရွက်ပြီး မြေငှားဂရန် လျှောက်ထားခဲ့သော်လည်းပဲ အများစုမှာ မြေငှားဂရန် ရယူရန် မလိုဟု ထိုအချိန်က ထင်မှတ်၍ လျှောက်ထားမှု မရှိခဲ့ခြင်းများ လေ့လာသုံးသပ် တွေ့ရှိရပါတယ်။

မွန်ပြည်နယ် မော်လမြိုင်မြို့ အထက်ဖော်ပြပါ ရပ်ကွက်များမှာ ရှိတဲ့ တိုးချဲ့လူနေ အိမ်ရာ မြေကွက်တွေကို မြေနေရာ ချထားခဲ့တဲ့ အချိန်မှာ မြေကွက် ဖော်ထုတ်၍ မဲနှိုက်စနစ်ဖြင့် နေရာချထား ပေးသော်လည်း မြေပိုင်ဆိုင်မှုအထောက်အထား ပေးခဲ့မှုမရှိခြင်း၊ ၎င်းပုဂ္ဂိုလ်များနဲ့ လက်ရှိနေထိုင်မှု ကြားမှာ အောက်ခြေအရပ်စာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူနေထိုင်ခြင်း၊ မြေပိုင်ဆိုင်မှု အထောက်အထား မရှိသော မူလနေရာချထားခံရသူများ ကွယ်လွန်ပြောင်းရွှေ့သွားတဲ့အတွက် ၎င်းတို့ရဲ့ အမွေဆက်ခံသူများမှ နေထိုင်ပြီး အမွေပိုင်ဆိုင်မှု အရှုပ်အရှင်းများရှိနေခြင်း၊ မူလနေရာချထား ခံရသူက ပုံစံအမျိုးမျိုးဖြင့် လွှဲပြောင်း၍ နေထိုင်ခြင်းတို့ကြောင့် လက်ရှိနေထိုင်သူတွေကိုသာ အခြေပြုပြီး

မြေငှားဂရန် ချထားပေးမယ်ဆိုရင်လည်း မြေယာပိုင်ဆိုင်မှု အငြင်းပွားခြင်း ကိစ္စများအတွက် တိုင်ကြားမှုများရှိလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ပါ၍ ရပ်ကွက်တိုးချဲ့မြေများမှာ မြေကွက်စတင်ချထားပေးစဥ်ကပင် ပိုင်ဆိုင်မှုအထောက်အထား ထုတ်ပေးခဲ့ခြင်း မရှိတဲ့ မြေကွက်များ နဲ့ပတ်သက်ပြီးတော့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းဝယ်လွှဲပြောင်းပေးအပ်ခြင်း စတဲ့ကိစ္စရပ်များအတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်ခဲ့တဲ့ စာချုပ်အထောက်အထားများအဖြစ်လည်းကောင်း၊ အမွေဆက်ခံမှု၊ အမွေပုံစီမံခန့်ခွဲမှုကိစ္စများအတွက် တရားရုံးရဲ့ အမိန့်ဒီဂရီများဖြင့်လည်းကောင်း၊ မြေပိုင်ဆိုင်မှု အငြင်းပွားမှုကိစ္စများအတွက် သက်ဆိုင်ရာ တရားရုံးများရဲ့ လက်ရောက်ရရှိစေမှု ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးမှုစတဲ့ အမိန့်ဒီဂရီများဖြင့်လည်းကောင်း၊ ဂရန်လျှောက်ထားရာမှာပါဝင်ရမယ့် အချက်အလက်များအဖြစ် ပြည့်စုံစွာ လျှောက်ထားနိုင်ပါတယ်။ မြေယာအရှုပ်အရှင်းကင်းပြီး အချက်အလက် ပြည့်စုံသူများအတွက်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ကော်လိတ္တော်အရာရှိဟာ အထက်မြန်မာပြည် မြေနှင့်အခွန်ဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)နှင့် အောက်မြန်မာပြည်မြို့နဲ့ကျေးရွာမြေများ နည်းဥပဒေ ၉ တို့အရ လျှောက်ထားသူရဲ့ မြေပေါ်မှာရှိတဲ့ အဆောက်အဦရဲ့ ခိုင်မာမှုပေါ် မူတည်ပြီး (၁၀)နှစ် နှစ်တိုမြေငှားဂရန်နဲ့ နှစ်(၃၀)နှစ်ရှည် မြေငှားဂရန်တွေကို ထုတ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေသခံပြည်သူများ မြေငှားဂရန်ရရှိရေးနဲ့ ပတ်သက်ပြီး လွှတ်တော်မှာ မေးမြန်းမှုများ ရှိလာတဲ့အတွက် မြေငှားဂရန်ထုတ်ပေးမှုနဲ့ ပတ်သက်ပြီး လက်ရှိဆောင်ရွက်မှု အခြေအနေများကို အနည်းငယ်ဖြည့်စွက်ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ ကျေးလက်နေပြည်သူများပိုင်ဆိုင်နေထိုင်တဲ့ အိမ်ဝိုင်းများကို မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့အဖွဲ့ဝင်(၉)ဦးနဲ့ အထူးလုပ်ငန်းအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်၊ ရက်စွဲပါ စာအမှတ်၊ ၅၄/၂၀၁၅ နဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကျေးရွာမြေများ မြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာတွေမှာ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးတော့ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ စီမံချက်ကာလ(၃)လ လျာထားသတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ စီမံချက်ပါကျေးရွာတွေမှာ မြေငှားဂရန်ထုတ်ပေးရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မြို့နယ်တစ်မြို့နယ်မှာ ကျေးရွာတစ်ရွာနှုန်းနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်(၂၈၃)မြို့နယ်၊ ကျေးရွာပေါင်း(၂၈၃)ရွာကို ရွေးချယ်သတ်မှတ်ခဲ့ပြီး မြေငှားဂရန် စုစုပေါင်း (၅၉၇၆၇)ခု ထုတ်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ပြီးတဲ့နောက်မှာ လက်ရှိအခြေအနေမှာ(၄၂၅၃၆)ခုကိုလည်း ကျေးရွာမြေငှားဂရန်များအဖြစ် ထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ထုတ်ပေးရန်ကျန်(၁၆၉၄၅)ခုနဲ့ ပိတ်သိမ်းမှု(၂၈၆)ခု ဖြစ်ကြောင်းနဲ့ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေများကို လူနေထိုင်ရန်၊ အဆောက်အဦ ဆောက်လုပ်ရန်နဲ့ စက်မှုလုပ်ငန်းများ အသုံးပြုရန်

အတွက် မြေငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိသော်လည်းပဲ ကျေးရွာအတွင်းမှာရှိတဲ့ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေတွေကို မြေငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ယခင်က အနည်းငယ်သာ ရှိခဲ့ပါတယ်။

ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ရက်(၁၀၀)စီမံချက်ထဲမှာ တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ စည်ပင်သာယာရေးနယ်နိမိတ်အပ မြို့နယ်ပေါင်း(၂၇၅)မြို့နယ်မှာရှိတဲ့ ကျေးရွာပေါင်း(၂၇၅)ရွာမှာလည်း ကျေးရွာမြေအတွင်း ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာတဲ့ တရားဝင်အထောက်အထားနဲ့ မြေငှားဂရန်များရရှိခြင်းများကို ရက်(၁၀၀)စီမံချက်ထဲမှာ ထည့်သွင်းဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို (Boundary Officer)အဖြစ်လည်းကောင်း၊မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးတွေကို (DemarcationOfficer)အဖြစ်လည်းကောင်းကား ခန့်အပ်တာဝန်ပေးပြီး ကျေးရွာများမှာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ စီမံချက်များရေးဆွဲခြင်း၊ မြေစာရင်းပုံစံများ၊ ဂရန်အမှုတွဲများ၊ မြေစာချုပ်နဲ့ ကြိုတင်ရိုက်နှိပ်ရန်စီမံခြင်း၊ ကွက်စိတ်ကွက်ကျဲတိုင်းတာခြင်း၊ ကွက်စိတ်မြေပုံရေးဆွဲခြင်း၊ မြေငှားဂရန်လျှောက်ထားရန်မြေစာရင်း ပုံစံ(၁၀၅၊၁၀၆) ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစ၍ ရက်ပေါင်း(၁၀၀)အတွင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်း မြို့နယ်(၂၇၅)မြို့နယ်၊ ကျေးရွာပေါင်း(၂၇၅)ရွာမှာ ကျေးရွာမြေငှားဂရန် စုစုပေါင်း(၂၃၅၄၉)ခု ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကနေ့အထိ (၈၄၈၇)ခု ထုတ်ပေးပြီးဖြစ်ပါတယ်။(၁၅၀၆၂)ခုကို ထုတ်ပေးရန်ကျန်တဲ့အတွက် ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးရွာ၊ မြို့နှင့် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေငှားချထားခြင်းနဲ့ပတ်သက်ပြီး အောက်မြန်မာနိုင်ငံနှင့် ကျေးရွာမြေများနည်းဥပဒေ ၄၁ မှ ၄၉ (ခ)အထိလည်းကောင်း၊ အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၇၉(က)မှ ၇၉(ဋ)အထိလည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

ဖော်ပြပါ နည်းဥပဒေများနဲ့အညီ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြတဲ့ အိမ်ကွက်မြေများကို မြေငှားဂရန်၊ မြေငှားစာချုပ်များအား ထုတ်ပေးခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လုပ်ငန်းစဉ်အရ ကျေးရွာမြေတွေကို မြေငှားဂရန်လျှောက်ခွင့်ရှိသူများကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းပေးထားပါတယ်။ (၁) အသက်(၁၈)နှစ်ပြည့်ပြီးသည့် နိုင်ငံသားဖြစ်သူ၊ ကျေးရွာအုပ်စုတွင်နေထိုင်သူ၊ (၂) နိုင်ငံသားစိစစ်ရေးကတ်ရှိသူ၊ (၃) လျှောက်ထားသူပါဝင်တဲ့ အိမ်ထောင်စုစာရင်း (ပုံစံ၆၆/၆)ရှိသူ၊ (၄) အခြားအရပ်ဒေသမှပုံစံ(၁၀)ဖြင့် တရားဝင်ပြောင်းရွှေ့လာပါက တစ်ဆက်တစ်စပ်တည်း (၁၂)နှစ်နေထိုင်မှုရှိသူများအတွက် လျှောက်ထားခွင့်ပြုပြီး မြို့ပေါ်ရပ်ကွက် မြေငှားဂရန်များနဲ့ ပတ်သက်၍ ယမန်နေ့ ရှင်းလင်းဖြေကြားချက်များနဲ့အညီ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ မြို့ပေါ်ရပ်ကွက်များနေ ကျေးရွာနေပြည်သူများ ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့စွာ နေထိုင်ရမှုအစား ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်များရရှိစေရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေကို သိရှိနိုင်ပါရန်နှင့် ဒေသခံပြည်သူများအတွက် လိုအပ်သလို

ကူညီဆောင်ရွက်ပေးနိုင်ရေး လေးစားစွာ ဖြည့်စွက်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသ ပျိုးထောင်ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းထားသည့် ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်း ဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသ ပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ပဏာမ နှုတ်ခွန်းဆက်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) က ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ရေးမြို့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမျိုးဝင်း က ထောက်ခံရင်း ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနဲ့ ပတ်သက်တဲ့ ဒီအဆိုကို မနေ့ကရော ဒီနေ့ပါ ဝိုင်းဝန်းဆွေးနွေးကြတဲ့ ကိုယ်စားလှယ်စာရင်းကို ကြည့်ရုံနဲ့တင် ဒီ Issue ဟာ ကျွန်တော်တို့ တစ်နိုင်ငံလုံး ပျံ့နှံ့ သက်ဆိုင်နေပြီဆိုတာကို အထင်အရှားတွေ့ရပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးနွံအတွင်း ကျရောက်သွားကြတဲ့ သားသမီးတွေကြောင့် ဝမ်းနည်းပူဆွေးရ၊ အတိဒုက္ခရောက်နေရပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေကြတဲ့ မိဘအရေအတွက်က ကျွန်တော်တို့နိုင်ငံမှာ သိန်းချီရှိနေမယ်လို့ ခန့်မှန်းရပါတယ်။ ဆေးဝယ်ဖို့ ပိုက်ဆံမရှိတော့လို့ လုယက်မှုကနေ လူသတ်မှုတွေထိ မှုခင်းတွေလည်း တစ်စစ တိုးလာနေပါတယ်။

ဒါတွေကို အချိန်မီ မဟန့်တားနိုင်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ဟာ ရင်လေးစရာပါပဲ။ ဒီဟာကို ကုစားဖို့ရာ အဆိုမှာပါသလို အပိုင်း(၃)ပိုင်း လိုအပ်ပါတယ်။

(၁) ထုတ်လုပ်ရောင်းဝယ်ဖြန့်ဖြူးသူများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးနဲ့ သုံးစွဲသူများကို ပညာပေးအရေးယူရေး (၂) အသိပညာပေးလုပ်ငန်းများကို စာသင်ကျောင်းများနဲ့ လူထုအကြား ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရေးနဲ့ (၃) မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်သွားသူများကို ပြန်လည်ကုစား ပျိုးထောင်ရေးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကို တားဆီးနှိမ်နင်းဖို့ရည်ရွယ်ပြီး ရဲတပ်ဖွဲ့ဝင်တွေနဲ့ မူးယစ်နှိမ်နင်းရေးအဖွဲ့များကို မြို့နယ်အဆင့်တိုင် ဖွဲ့စည်းထားပြီးဖြစ်ပေမယ့် အားနည်းချက်တွေ အများအပြားရှိနေတဲ့အတွက် ပီပီပြင်ပြင်အကောင်အထည်ဖော်နိုင်ခြင်း မရှိတာကို တွေ့ရှိရပါတယ်။

အားနည်းချက်တွေကို ပြောရရင် ပထမအချက်အနေနဲ့ မူးယစ်နှိမ်နင်းရေးအဖွဲ့များဟာ လုံလောက်တဲ့ အင်အားရှိတဲ့ အဖွဲ့အစည်းများ မဟုတ်တာ တွေ့ရပါတယ်။ မနေ့က သံဖြူဇရပ်က ကိုယ်စားလှယ်ကြီး တင်ပြချက်အရ မွန်ပြည်နယ်၊ (၁၀)မြို့နယ်အနက် မော်လမြိုင်နဲ့ ရေးမှာပဲ မူးယစ်နှိမ်နင်းရေးအဖွဲ့တွေ ရှိတယ်ဆိုလို့ အထင်တော့ မကြီးလိုက်ပါနဲ့ ကျွန်တော်နေထိုင်တဲ့ ရေးမြို့မှာဆိုရင် ဒီမူးယစ်အဖွဲ့မှာ စုစုပေါင်း အဖွဲ့ဝင်အင်အား(၄)ဦးပဲ ရှိပါတယ်။ အဲဒီအထဲက (၂)ဦးကို ကရင်ပြည်နယ်မှာ တွဲထားပေးရတဲ့အပြင် လက်နက်တပ်ဆင်ပေးထားခြင်းလည်း မရှိပါဘူး။ ဒါကြောင့် အလုပ်လုပ်နိုင်တဲ့ (၂)ဦး လေးနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိုလည်း လုပ်ပါတယ်။ လုပ်ပိုင်ခွင့် အကြောင်းပြပြီး စီးပွားရှာတာလည်း လုပ်ပါတယ်။

နောက်တစ်ချက်က သတင်းလုံခြုံမှု မရှိတာပါ။ တစ်ခါတလေမှာ ပြည်သူတွေတိုင်တန်းလို့ ဖြစ်ဖြစ်၊ စီမံချက်အရဖြစ်ဖြစ် ဖြန့်ဖြူးရောင်းချနေတဲ့ နေရာတွေကို ဝင်ရောက်ရှာဖွေဖမ်းဆီးကြရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၅ ရက်နေ့ကပဲ မန္တလေးမှာ မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုနဲ့ နာမည်ကြီးနေတဲ့နေရာ(၁၃)နေရာကို ရဲတပ်ဖွဲ့ဝင် အင်အား(၃၅၀)နဲ့ တစ်ပြိုင်တည်း ဝင်စီးပါတယ်။ ဒါပေမဲ့ ဖြန့်ဖြူး ရောင်းချသူတစ်ဦးမှမမိပဲ သုံးစွဲသူလောက်ပဲမိပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုရင် အဲဒီကျော်စောသတင်းနဲ့ နာမည်ကျော်ကြားသူတွေက လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက သတင်းရလို့ ကြိုတင်တိမ်းရှောင်သွားကြတယ်ဆိုပြီး သတင်းတွေကဆိုပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေရဲ့ လှုပ်ရှားမယ့်သတင်းတွေကိုပါ ကြိုသိနေတဲ့ မူးယစ်ဆေးရောင်းဝယ်သူတွေရဲ့ အစွမ်းက အံ့သြစရာပါပဲ။ ဆက်စပ်တွေးကြည့်ဖို့ပါ။

တတိယအချက်က သက်ဆိုင်သူ ဝန်ထမ်းများအကြား အကျင့်ပျက်ခြစားမှု များပြားနေတာပါ။ ဒီကိစ္စဖြစ်စဉ်မှာ အဆိုးရွားဆုံးပါပဲ။အများအားဖြင့် နယ်မြေခံမူးယစ်တာဝန်ခံတွေဟာ မိမိမြို့နယ်အတွင်းမှာ ဘယ်သူက ဖြန့်ဖြူးသူ၊ ဘယ်သူက ဖြန့်ဖြူးသုံးစွဲသူ၊ ဘယ်သူက သာမန်သုံးစွဲသူဆိုပြီး သိကြပါတယ်။ ဒါပေမဲ့ အများအားဖြင့် သုံးစွဲသူကိုသာ ဖမ်းမိလေ့ရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော့်မြို့က တချို့ပိုက်ဆံရှိသားသမီးတွေရဲ့ အဖြစ်အပျက်အချို့ကို တင်ပြချင်ပါတယ်။ မူးယစ်ဆေးဖြန့်ဖြူးရောင်းချသူက အဲဒီလို ပိုက်ဆံရှိတဲ့ကလေး သူ့ဆီမှာ ဆေးပြားလာဝယ်ရင် တစ်နေရာကို ဖုန်းဆက်ပါတယ်။ အဲဒီကလေးလမ်းမှာ အဖမ်းခံရပါတယ်။ သတင်းက သူ့မိဘဆီကို ချက်ချင်းရောက်သွား

ပါတယ်။ သူ့မိဘတွေက စိုးရိမ်ပူပန်မှုအပြည့်နဲ့ လာညှိပါတယ်။ ဖမ်းထားသူက ညှိနိုင်းပြီးတော့ ပြန်လွှတ်ပေးလိုက်ပါတယ်။ ကျွန်တော်တို့ဆီမှာ အဲဒီလိုပြကွက် တစ်ခုအတွက် ပေါက်ဈေးက (၁၀)သိန်း ကနေ သိန်း(၇၀)အထိ ရှိပါတယ်။ ဒီလို အကျင့်ပျက် ယုတ်မာမှုမျိုးကိုတော့ ကျွန်တော် ပြင်းပြင်းထန်ထန် ရှုတ်ချပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မနှစ်က ရန်ကုန်၊ မင်္ဂလာဒုံမှာ ကားတစ်စီးစာ အပြည့် မိတဲ့ ဆေးပြားတွေ၊ ရခိုင်က (၃)သိန်းနီးပါးရှိတဲ့ ဆေးပြားတွေကို စတဲ့ ဒီလိုကိစ္စကြီးတွေမှာ တာဝန်ရှိသူ တွေမပါဝင်ဘဲ လုပ်ဖို့မလွယ်ပါဘူး။ ကျွန်တော်တို့ဆီမှာ တစ်ခုဆိုးနေတာက များများမိတိုင်း ပိုင်ရှင်မဲ့ ဖြစ်နေတာပါ။ ဒီတော့ မနေ့က ရှမ်းပြည်နယ်က ကိုယ်စားလှယ်တော်ကြီးပြောသလို Tom and Jerry ဆိုတဲ့ ကြောင်နဲ့ကြွက်ဇာတ်လမ်းတွဲထဲကလိုပဲ ဘယ်တော့မှ အဆုံးမသတ်နိုင်ဖြစ်မှာ ဖြစ်သလို ရောင်းချ ဖြန့်ဖြူးသည့်အဖြစ်ကနေ ပြစ်ဒဏ်ပေါ့အောင် သုံးစွဲသူအဖြစ် ပုံစံပြောင်းဖန်တီးမှုတွေ၊ ဆီးစစ်တဲ့အခါ အပြစ်လျော့အောင်၊ တာဝန်ရှိသူတွေနဲ့ပေါင်းပြီး လုပ်နေကြတွေကိုလည်း အများအပြား တွေ့ရှိနေရ ပါတယ်။ ဒီလိုလုပ်ကိုင်နေတဲ့ သက်ဆိုင်ရာဌာန ဝန်ထမ်းများကိုလည်း အဲဒီလို ကျူးလွန်တာတွေ့ရင် သူတို့ကိုလည်း မူးယစ်ဆေးရောင်းဝယ်သူကို ချမှတ်တဲ့ ပြစ်ဒဏ်အတိုင်း ဥပဒေပြု ပြစ်ဒဏ်ချမှတ် သင့်ပါတယ်။

နောက်တစ်ချက်က လက်နက်ကိုင်များ ပါဝင်ပတ်သက်နေခြင်းပဲ ဖြစ်ပါတယ်။ အချို့ လက်နက်ကိုင်အုပ်စုများဟာ ဒီဆေးဖြန့်ဖြူးရောင်းချမှုနဲ့ ပတ်သက်နေကြပါတယ်။ အဲဒီအခါမှာ လုပ်ကိုင်ရန် အတော်ခက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်မြို့နယ်က မူးယစ်အရာရှိကို အဲဒီအဖွဲ့ ဒါတွေလုပ်နေတာ ခင်ဗျားမသိဘူးလားလို့ ကျွန်တော် မေးဖူးပါတယ်။ သူပြန်ဖြေတာက အားရစရာမရှိပါဘူး။ သူ့မှာ လူအင်အားမရှိလို့ သွားဖမ်းရင် လက်နက်ကိုင်မြို့နယ်ရဲစခန်းကို အကူအညီ တောင်းရတဲ့အကြောင်း၊ မိရင်တော်သေးရဲ့ မမိလို့ကတော့ အဲဒီလက်နက်ကိုင်အဖွဲ့နဲ့သူ ပြဿနာတက် မယ့်အကြောင်း၊ သူ့အထက်အရာရှိကလည်း အဲဒီလို အန္တရာယ်ကြားက ဖမ်းရမယ်ဆိုရင် ဆေးမမိ ချင်နေ၊ အင်အားတော့ အဆုံးအရှုံးမခံနဲ့လို့မှာထားတော့ သူလည်း ဒီအတိုင်းပဲနေတယ်လို့ ပြောပါ တယ်။ ဒီလိုအခြေအနေ အောက်မှာ ကျွန်တော်တို့ ဘယ်လို ဆက်စခန်းသွားကြမလဲ။

နောက်တစ်ချက်က ခေတ်အဆက်ဆက် ဖိဖိစီးစီးဆောင်ရွက်ဖို့ ခက်ခဲတဲ့အကြောင်းတရား များ ရှိနေခြင်းပါပဲ။ ကျွန်တော်ခေတ်မှာ ဒီဆေးကိစ္စဖြစ်နေတာ အတော်ကြာပါပြီ။ ဘိန်းမည်း၊ ဆေးခြောက်၊ ကိုကင်း၊ မော်ဖင်း၊ ကက်သတင်း၊ ဖန်ဆီဒိုင်း၊ ကော်မာသာဇင်၊ ဘိန်းဖြူစတဲ့ ခေတ်တွေ ပြီးတဲ့နောက် ရာဘ၊ ရာမ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ မြင်းဆေး၊ WY စာတမ်းပါဆေး စသည်ဖြင့် အခေါ် အဝေါ်တွေ ဘယ်လိုပြောင်းပြောင်း အားလုံးဟာ မက်သာဖက်တမင်း High Dose သုံးပြီး အခြေခံ ထားတဲ့ မူးယစ်ဆေးတွေပါပဲ။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်လောက်ကတည်းက နာမည်ကြီးအနုပညာရှင်တွေ အတော်များများ ပါဝင်ပတ်သက်ခဲ့တယ်ဆိုတဲ့ ဆေးမှုတစ်ခုဖြစ်ခဲ့ပါတယ်။ အစစ်ခံဖော်ထုတ်ချက်များ အရ နာမည်ကြီး အနုပညာရှင်အတော်များများနဲ့ တာဝန်ကြီးကြီးယူထားသူတွေရဲ့ သားသမီးများပါ ပါဝင် ပတ်သက်နေတာ တွေ့ရှိတဲ့အတွက် နောက်တော့ ပြန်မှိန်သွားတဲ့ မူးယစ်ဆေးဝါး Case တစ်ခုပါ။ ဒါကနိုင်ငံသိ အဖြစ်အပျက်တစ်ခု ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို လူမသိ သူမသိပြန့်ပြွပ်လိုက်ရတဲ့ အဖြစ်အပျက် တစ်ခုပြီးခဲ့တဲ့ သင်္ကြန်မတိုင်မီလေးမှာပဲ ကျွန်တော်တို့နယ်မှာ ဖြစ်ခဲ့ပါတယ်။ အသက်(၁၂)နှစ်၊ (၁၃)နှစ် အရွယ် အလယ်တန်းကျောင်းသားလေးတစ်ယောက် ပျောက်လို့ သူ့မိဘက တိုင်ချက်ဖွင့်ပါတယ်။ အမှန်က အဲဒီကျောင်းသားလေးက ဆေးမူးပြီးအိမ်မပြန်နိုင်တာ တစ်နေ့နဲ့တစ်ည၊ အသိတစ်ယောက်က တွေ့လို့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခေါ်ပြီး မေးမြန်းလိုက်တယ်၊ နောက်ထပ် အလယ်တန်း ကျောင်းသား လေးတွေ အယောက်(၄၀)လောက် ပါလာပါတယ်။ ထပ်မေးတော့ ထပ်ပါလာပြန်တာနဲ့ ပညာပေးပြီး ပြန်လွှတ်လိုက်ရတယ်။ တစ်ခါတလေ အချို့ကိစ္စရပ်များမှာ ပါဝင်ပတ်သက်မှုတွေက နယ်ပယ်ကြီးမား လွန်းတဲ့အတွက်ကြောင့် ဖိဖိစီးစီး မဆောင်ရွက်နိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါတွေက အားနည်းချက်တွေကို ကျွန်တော် အနည်းငယ် Point Out လုပ်ပြခြင်းပဲ ဖြစ်ပါတယ်။ ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုမှာ ရှမ်းမြောက်ပိုင်းအတွက်သာ ရည်ရွယ်ထားပေမယ့် လက်ရှိဖြစ်နေ တာက တော၊ နယ်၊ မြို့၊ စာသင်ကျောင်းတွေပါမကျန်ဆိုတော့ တားဆီးနှိမ်နင်းရေး အောင်မြင်ဖို့ အတွက်ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အသေအချာ စီမံချက်ချ အကောင်အထည်ဖော်မှ ဖြစ်မယ် ဆိုတာကို တင်ပြအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ အသိပညာပေးခြင်းကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးလို ပါတယ်။ မူးယစ်ဆေးဝါးရောင်းချသူတွေရဲ့ အဓိကပစ်မှတ်က လူငယ်ထု ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပညာပေးရေးလုပ်ငန်းရဲ့ ပစ်မှတ်ကိုလည်းပဲ လူငယ်ထုကိုသာ ဦးတည်ရမှာ ဖြစ်ပါတယ်။ လူငယ်အများဆုံးနေရာက စာသင်ကျောင်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မူးယစ် ဆေးဝါးပညာပေးရေးလုပ်ငန်းတွေဖြစ်တဲ့ ဟောပြောပွဲတွေ၊ Essay ပြိုင်ပွဲတွေ၊ ကာတွန်းပြိုင်ပွဲတို့လို အရာတွေကို ကျောင်းတွေမှာ အကြိမ်ရေများများနဲ့ ခပ်စပ်စိပ် ဆောင်ရွက်သင့်တဲ့အပြင် အရပ်ဘက် အဖွဲ့အစည်းတွေ ပြည်သူတွေရဲ့ အကူအညီကိုရယူပြီး ရပ်ကွက်/ကျေးရွာအဆင့်ထိ ပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား သုံးစွဲနေမှုများကို အလွယ် တကူ တိုင်ကြားတဲ့ ဖုန်းနံပါတ်များဖော်ပြထားတဲ့ နံရံကပ်ပိုစတာများကပ်ခြင်းဖြင့် မသမာသူများကို စိုးရိမ်စိတ်ကြီးထွားစေခြင်းစတဲ့ နည်းလမ်းပေါင်းစုံသုံးပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် မူးယစ်ဆေးဝါးအန္တရာယ်ဟာ မြန်မာတစ်မျိုးသားလုံးကို ခြိမ်းခြောက်တဲ့ အဆင့်ကို ကျော်လွန်ပြီး အန္တရာယ်ပေးတဲ့အဆင့်ကို ရောက်ရှိနေပြီဖြစ်တဲ့အတွက် အစိုးရအနေနဲ့ ပြည်သူလူထုရဲ့အားကို ရယူပြီး အလျင်အမြန် တားဆီးနှိမ်နင်းရမယ့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်နေပြီဆိုတာ တင်ပြရင်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို ဖြည့်စွက်ထောက်ခံ တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ အလျင်အမြန် ကင်းလွတ်နိုင်ကြပါစေ။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်ဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဗိုလ်မှူးသက်ဝင်း(တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသက်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းသော ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်း ဖယ်ရှားရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသ ပျိုးထောင်ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးအဆိုနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ဆွေးနွေးမှုကို Power Point သုံးစွဲတင်ပြခွင့်ပြုရန် ခွင့်တောင်း ခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ယနေ့ကမ္ဘာမှာ လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိတဲ့ အကြီးမားဆုံး သောအန္တရာယ်ဟာ မူးယစ်ဆေးဝါးအန္တရာယ် ဖြစ်တယ်ဆိုတာကို အားလုံးသိရှိပြီး ဖြစ်မှာပါ။ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုနဲ့ သက်ဆိုင်တာ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားမျိုးနွယ်တစ်ရပ်လုံးနဲ့ သက်ဆိုင်နေတာကို အားလုံးသိရှိပြီး ဖြစ်မှာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်ပြီးတော့မှ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့တာကိုလည်း သိရှိကြမှာပါ။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အုပ်ချုပ်မှုအလှမ်းဝေးတဲ့နေရာတွေ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့နေရာတွေ၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသတွေ၊ လုံခြုံရေးတည်ငြိမ်မှု အားနည်းတဲ့နေရာတွေ၊ လူသူအရောက်အပေါက်နည်းသော တောတောင်ထူထပ်တဲ့နေရာတွေမှာ ဘိန်းစိုက်ပျိုးခြင်းကို လေ့လာတွေ့ရှိရပါတယ်။ ဘိန်းစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ စိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းသို့ ဘိန်းစတင်ဝင်ရောက်လာမှုကို လေ့လာကြည့်ပါလျှင် တောင်ငူခေတ်မှ စတင်ပြီးတော့ ၁၈၂၆ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးတဲ့နောက်မှာ နယ်ချဲ့တို့ရဲ့ လက်ချက်နဲ့ စတင်ဝင်ရောက်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မြန်မာပြည် ချင်းတွင်းဒေသ၊ ချင်းတောင်ဒေသ၊ ကချင်ဒေသ၊ ရှမ်းဒေသများသို့ အာသံပြည်နယ်မှ ဘိန်းမျိုးစေ့များ ရောက်ရှိလာရာမှ ဘိန်းခင်းများ စတင်ပြန့်ပွားလာခဲ့ပါတယ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးတဲ့နောက်မှာတော့ ဘိန်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း အလေ့အထတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ နယ်ချဲ့ဗြိတိသျှတို့ဟာ ကချင်တောင်တန်းတွေမှာ ဘိန်းကို တရားဝင်စိုက်ခွင့်ပြုခဲ့တဲ့အပြင် ဘိန်းခင်းများဖွင့်ပြီးတော့မှ ဘိန်းရှုခြင်းကို မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။ ဘိန်းပြဿနာကို ခွဲခြားလေ့လာတဲ့အခါမှာ ၁၈၂၄ ခုနှစ် မှ ၁၉၇၀ ပြည့်နှစ်အထိ ဘိန်းမည်းကို သုံးစွဲခဲ့ပြီး

တော့မှ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ ဘိန်းဖြူကို သုံးစွဲလာကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကိုလိုနီနယ်ချဲ့တွေရဲ့ ရှေ့ပြေးလက်နက်အဖြစ် ဘိန်းကို အသုံးပြုခဲ့တာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်တို့ဟာ အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးတဲ့နောက်မှာတော့ မူးယစ်ဆေးဝါးသုံးစွဲမှုဟာ အထက်မြန်မာပြည်သို့ပါ တစ်စတစ်စပျံ့နှံ့၍ ဝင်ရောက်လာခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးတဲ့နောက် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းပြီးတော့မှ ထိရောက်စွာအရေးယူ ဆောင်ရွက်ခဲ့ရပါတယ်။ ကျွန်တော်တို့တပ်မတော်အနေနဲ့လည်း ဘိန်းစစ်ဆင်ရေးကြီးများကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီစစ်ဆင်ရေးတွေကတော့ မိုးဟိန်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေး၊ အောင်မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ ချင်းတွင်းစစ်ဆင်ရေး၊ ရတနာပုံစစ်ဆင်ရေး၊ ဇွဲကပင်စစ်ဆင်ရေးနဲ့ ရာမည စစ်ဆင်ရေးတို့ပဲ ဖြစ်ပါတယ်။ တပ်မတော်မှ နိုင်ငံတော်တာဝန်ကိုရယူပြီး ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ တပ်မတော်သား(၂၅၉)ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီးတော့မှ (၉၃၇)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ ဒီဆုံးရှုံးမှုဟာ လွန်စွာကြီးမားတဲ့ ဆုံးရှုံးမှုဖြစ်တယ်ဆိုတာ ကိုယ်စားလှယ်အားလုံး သိရှိကြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘိန်းစစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့တဲ့အခါမှာ ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း တောင်ထိပ်ပန်းစစ်ဆင်ရေးဖြင့်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ငရဲပန်းစစ်ဆင်ရေး အဆင့်(၁)မှ အဆင့်(၈)အထိလည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့်(၁)မှ အဆင့်(၄)အထိ ဝေဟင်မှ လေယာဥ်များဖြင့် ဆေးဖျန်း၍လည်းကောင်း ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဘိန်းခင်းစုစုပေါင်း (၁၉၉၇၆၂.၈၇)ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရဲ့ ဘိန်းချက်စခန်းတွေကို မိုးဟိန်းစစ်ဆင်ရေး အဆင့်(၁)မှ အဆင့်(၁၂)အထိ အပါအဝင် စစ်ဆင်ရေးများစွာဖြင့် ၁၉၇၆ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိ တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်။ အဲဒီလို ချေမှုန်းခဲ့တဲ့အခါမှာ ဘိန်း (၅.၄၅၃) ကီလို၊ ဘိန်းဖြူ(၁၅၉.၆၁)ကီလို၊ ဘိန်းညို(၃၄၄.၆၈)ကီလို၊ ဘိန်းရည် (၂၀၃၃)ဂါလံနဲ့ လက်နက်မျိုးစုံ (၂၅၉)လက်၊ ဆက်သွယ်ရေးစက်(၁၉)လုံး၊ ဘိန်းချက်စက်ရုံ(၁၅)ရုံ၊ ဘိန်းချက် ထုတ်လုပ်ရောင်းချသူ (၃၄၄)ယောက်ကို အသေဖမ်းဆီးရမိခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကိုလည်း ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။


အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပထမ(၅)နှစ် စီမံကိန်းကာလအဖြစ် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်ကာလအတွင်း ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဒေသများမှာရှိတဲ့ မြို့နယ်(၂၂)မြို့ကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယ(၅)နှစ်ကာလ စီမံကိန်းအဖြစ် ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းဒေသများမှာရှိတဲ့ မြို့နယ်(၂၀)ကိုလည်းကောင်း၊ တတိယ(၅)နှစ်ကာလ စီမံကိန်းများအဖြစ် ၂၀၀၉-၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်များမှာရှိတဲ့ မြို့နယ်(၉)မြို့နယ်ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့

လည်း ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ စတုတ္ထ(၅)နှစ် စီမံကိန်းအဖြစ်လည်း ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ တရုတ်၊ လာအို၊ ထိုင်း၊ အိန္ဒိယ စတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိတာကို သိရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ မူးယစ်ဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေသလို ကမ္ဘာ့ကုလသမဂ္ဂ ဒေသအတွင်းနိုင်ငံများ၊ လူထုအဖွဲ့အစည်းများမှ ချမှတ်ထားသော စီမံကိန်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်လျက်ရှိတာကိုလည်း အားလုံးသိရှိပြီးဖြစ်မှာပါ။ မြန်မာနိုင်ငံ မူးယစ်ဗဟိုရဲ့ ဦးဆောင်မှုဖြင့် ယင်းမာစီမံချက်ချမှတ်ပြီးတော့ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်(၃)ဇုန်ခွဲပြီးတော့မှ လုပ်ငန်းများကို အဖွဲ့လိုက် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲများ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဆောင်းပါး၊ ပြပွဲ၊ ပြိုင်ပွဲများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟောပြောပွဲများ ပြုလုပ်ခြင်း အပါအဝင် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်လာကြသည်ကို ကြိုဆိုရမှာဖြစ်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂနှင့် UNODC တို့မှ ချမှတ်ထားတဲ့ မူဘောင်တွေ၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၊ တည်ဆဲဥပဒေတို့နှင့်အညီ၊ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပါက လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်လာမှာ ဖြစ်ပြီးတော့ ဘိန်းစိုက်ပျိုးတဲ့ ဒေသအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ဘိန်းကင်းစင်နယ်မြေများအဖြစ် ရေရှည်တည်တံ့နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်အစိုးရအဆက်ဆက်တွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တိုင်းရင်းသား အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေတာကိုလည်း ကိုယ်စားလှယ်များအားလုံး သိရှိပြီးဖြစ်မှာပါ။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထားရှိဆောင်ရွက်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများတွင် တပ်မတော်အနေနှင့် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော လမ်းစဉ်များအတိုင်း တက်ကြွစွာပါဝင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရင်း ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းသောအဆိုအား ပြည်နယ်တစ်ခုတည်းအတွက်မဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

စစ်ဆင်ရေးများ၏ မြင်ကွင်းပုံ (ဃ)




တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဘိန်းချက်စခန်းများအား မိုးဟိန်းစစ်ဆင်ရေး(၁)မှ အဆင့်(၁၂) အပါအဝင် စစ်ဆင်ရေးများစွာဖြင့် ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆင်နွှဲခဲ့သည့် မြင်ကွင်းပုံ (ဃ-၁)



ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး မြင်ကွင်းပုံ (ဃ-၂)




**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၇။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး နှလုံးရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်၊ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ၊ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက်မူးယစ်ဆေးဝါးသုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေး စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။

ဒီနေရာမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် ရပ်ကွက်၊ ကျေးရွာများ ခပ်များများဆိုတဲ့ နေရာအပြင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးဆိုတဲ့ စကားရပ်ကို အစားထိုးမယ်ဆိုရင် အဆိုဟာ ပြည့်စုံတယ်လို့ ကျွန်တော်ယူဆပါတယ်။ မူးယစ်ဆေးဝါးဟာ မြန်မာနိုင်ငံမှာ ရှေးဘုရင်များ လက်ထက်မှစတင်ပြီးတော့ အင်္ဂလိပ်မင်းအုပ်စိုးစဉ်ကာလမှသည် ယနေ့အချိန်အထိ စီးပွားရေးအရသော်လည်းကောင်း၊ ကျန်းမာရေး အရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း၊ အုပ်ချုပ်ရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း မြန်မာ့အမျိုးသားရေးကို ထိပါးလွှမ်းရုံမျှမက ယနေ့ အချိန်မှာဆိုရင် ကျူးကျော်စော်ကားရာ ရောက်သည်အထိ ဖြစ်ပွားနေပါတယ်။ ကမ္ဘာ့အလယ်မှာ ရှက်စရာ၊ ဂုဏ်သိက္ခာ

ကျစရာအထိ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး နာမည်ဆိုးတဲ့ အခြေအနေရောက်နေပါတယ်။ များစွာသော လူငယ်များရဲ့ ဘဝများ၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံးနစ်နာခဲ့ရပါပြီ။ ကျွန်တော်တို့တိုင်းပြည်ရဲ့ လူမျိုးအတွက် အလျော်အစားပင် မရနိုင်တဲ့ ဆုံးရှုံးမှုကြီးတွေ ကြုံကြိုက်နေရပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဥပဒေရှုထောင့်မှ တင်ပြသွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဟာ မြန်မာနိုင်ငံမှာ မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်၊ ခရစ်နှစ် ၁၇၈၂ ခုနှစ်မှာ ထီးနန်းဆက်ခံတဲ့ အမရပူရ ပထမနန်းတည်မင်းတရားကြီး ဘိုးတော်မင်းတရား၊ ပဒုံမင်းရဲ့လက်ထက် နန်းစံ (၃၇)နှစ်မှာ ပြာသိုလပြည့်ကျော်(၈)ရက်နေ့က အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ဖူးပါတယ်။ မြန်မာတိုင်းပြည်တွင် ဓလေ့ထုံးစံမရှိသော ဘိန်းသောက်၊ ဘိန်းရှူခြင်းအားဖြင့် နောင်ရေး၊ နောင်ရာကိုထောက်တော်မူ၍ ယင်းသို့ ဘိန်းစား၊ ဘိန်းသောက်တစ်စုကို အကျဉ်းချထားစေရမည်။ နောက်နောင်ဘိန်းစားအမှု မပြုလုပ်တော့ပါဟု ဝန်ခံကတိပြုလက်မှတ်ရေးထိုးခိုင်းထားရမည်။ ယင်းသို့ တန်းပြု၍မရပါက ဘိန်းစားတို့အား အဆုံးစီရင်ကွပ်မျက်ရမည်ဟု အမိန့်တော် ထုတ်ပြန်ခဲ့ဖူးပါတယ်။ အဲဒီမင်းရဲ့နောက်ဆက်ခံတဲ့ မင်းများဟာလည်းပဲ ဘိန်းစားများနှင့် ပတ်သက်ပြီး အမိန့်အမျိုးမျိုး ချမှတ်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ အုပ်ချုပ်စီမံပုံ ကောင်းမွန်ခဲ့တာကြောင့် မြန်မာနိုင်ငံမှာ ဘိန်းစားများ လျော့နည်းပျောက်ကွယ်ခဲ့ရပါတယ်။ အဲဒီနောက်မှာ မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကျွန် ဖြစ်စဥ်ကာလမှာ၊ ၁၉၀၉ ခုနှစ်မှာ ဘိန်းအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၂၃ ခုနှစ်မှာ ရှမ်းပြည်နယ် ဘိန်းအမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၁၇ ခုနှစ်မှာ ယစ်မျိုးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ၁၉၃၀ ပြည့်နှစ်မှာ ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတဲ့နောက် ၁၉၅၀ ခုနှစ်မှာ ဘိန်းခန်းနှိပ်ကွပ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ၁၉၅၅ ခုနှစ်မှာ ဘိန်းရှူစားသုံးသူများ မှတ်ပုံမတင်မနေရ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ဖူးပါတယ်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ ယနေ့အချိန်အထိ ကျင့်သုံးနေတဲ့ ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေရဲ့ ပုဒ်မ ၂၀ မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ဆက်သွယ်ခြင်းတို့ ကျူးလွန်ခဲ့လျှင် ထောင်ဒဏ်အနည်းဆုံး(၁၅)နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်အထိဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒါ့အပြင် နည်းဥပဒေ ၂၁ (င)မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကိုလည်းပဲ ဖွဲ့စည်းထားတာ မြန်မာနိုင်ငံမှာရှိပါတယ်။ ဒါ့အပြင် ပုဒ်မ ၂၃ (ဃ)မှာ ပြစ်မှုနဲ့ သက်ဆိုင်သော ပစ္စည်းများကို နည်းဥပဒေ ၂၆ နဲ့အညီ သိမ်းဆည်းရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ဆေးဝါးအမျိုးမျိုးကို လူ သို့မဟုတ် တိရစ္ဆာန်ရဲ့ ခန္ဓာကိုယ်အတွင်း မျိုချ၍ဖြစ်စေ၊ သို့ဝှက်၍ဖြစ်စေ သယ်ယူခဲ့လျှင် ဓာတ်မှန်ရိုက်၍ဖြစ်စေ၊ ခွဲစိတ်၍ဖြစ်စေ ရှာဖွေသိမ်းဆည်းနိုင်တယ်လို့ နည်းဥပဒေပုဒ်မ ၂၄ (က)မှာ ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်များကတော့ တော်တော်ကောင်းမွန်ပါတယ်။ ထိုဥပဒေရဲ့ ရည်ရွယ်ချက် (က)ကတော့ လူသားတို့အား အညွန့်တုံးစေတဲ့အထိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် တားဆီးကာကွယ်ရန်၊ (ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ Convention မှာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ (ဂ) မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၏ ဘေးအန္တရာယ်ကို အသိပညာပေးရေးနှင့် ဆေးဝါးသုံးစွဲသူများအား ကုသပေးရေး၊ ပြန်လည်ထူထောင်ပေးရေးတို့အတွက် ပိုမိုထိရောက်စွာဆောင်ရွက်ရန်၊ (ဃ) ပြစ်မှုကျူးလွန်သူများအား ပိုမိုထိရောက်သော ပြစ်ဒဏ်များ ချမှတ်ရန်၊ (င)တားဆီးကာကွယ်ရေးနဲ့ စပ်လျဉ်း၍ ကုလသမဂ္ဂ Convention နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ခဲ့ပါတယ်။

အထက်ပါဖော်ပြတဲ့အတိုင်းပဲ မြန်မာနိုင်ငံမှာ ရှေးဘုရင်များလက်ထက်မှ စပြီးတော့ ယနေ့အချိန်တိုင် မူးယစ်ဆေးဝါးအန္တရာယ်ဟာ ကြီးမားစွာ ကျရောက်လျက်ရှိပါတယ်။ ရည်ရွယ်ချက်ကောင်းတဲ့ ဥပဒေတွေ၊ အမိန့်တွေ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပေမယ့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ထိရောက်အောင် ဖမ်းဆီးခြင်း၊ အရေးယူခြင်းမရှိခဲ့ပါဘူး။ ပင်မကျူးလွန်သူများကို အရေးမယူဘဲ ကိုင်းဖျား၊ ကိုင်းနားများကိုသာ စတိသဘော အရေးယူဖမ်းဆီးနေလို့ ယနေ့မြန်မာနိုင်ငံမှာ ရှမ်းပြည်နယ် အပါအဝင် နေရာအနှံ့အပြားဟာ တော၊ နယ်၊ ကျေးလက်ပါမကျန် ရောင်းချခြင်း၊ သုံးစွဲခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်းတို့အား လိုင်စင်ရ ဆိုင်များကဲ့သို့ဖြစ်နေပါတယ်။ ဒါထက် ပိုဆိုးတာက မြန်မာနိုင်ငံမှာ ကားအစင်းလုံးမိတဲ့ မူးယစ်ဆေးဝါးတွေ၊ အဆောက်အဦတွေမှာမိတဲ့ များပြားတဲ့ မူးယစ်ဆေးဝါးတွေကို ပိုင်ရှင်မဲ့အဖြစ် ကြေညာတဲ့အဆင့်အထိ နိုင်ငံတော်အပေါ်မှာ သစ္စာမဲ့လွန်းကြီး ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိဂုံးချုပ်အားဖြင့် တင်ပြလိုတာက မြန်မာနိုင်ငံမှာ ကြီးမားတဲ့ အန္တရာယ်ကျရောက်နေတဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်ကို ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အရေးတကြီး၊ အဆောတလျင် ထိရောက်အောင် ဖမ်းဆီးအရေးယူပြီး ပြည်သူတစ်ရပ်လုံးအား အသိပညာပေးခြင်း၊ ဆေးစွဲသူများကို ပြန်လည်ပြုစုပျိုးထောင်စခန်းများဖွင့်လှစ်၍ ဆေးဝါးကုသပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရကို လွှတ်တော်မှ တိုက်တွန်းသင့်ပါကြောင်းနှင့် ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်းရဲ့ အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)** ။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးသာလေစွပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော်က ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးလို့ ဆိုလိုက်သည်နဲ့ စကားလုံးကိုက ကြောက်စရာ အလွန်ကောင်းနေပါပြီ။ ဒီလောက်ထိ ကြောက်စရာ ကောင်းနေတဲ့ မူးယစ်ဆေးဝါးကို ရောင်းဝယ်ဖောက်ကားပြီး မူးယစ်ဆေးဝါးကို သုံးစွဲနေကြတယ် ဆိုတာဟာ အင်မတန်ကို ကြောက်စရာကောင်းနေတဲ့ လူမှုအသိုင်းအဝိုင်းဖြစ်နေပါပြီ။ ကျွန်တော်တို့ နိုင်ငံဟာ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုဟာ ကမ္ဘာမှာ ဒုတိယအများဆုံးနိုင်ငံလို့ ဆိုပါတယ်။ နေ့တိုင်းလိုလို နိုင်ငံအဝန်းမှာ ဖမ်းမိနေပါတယ်။ မီးရှို့လိုက်ရတဲ့ မူးယစ်ဆေးဝါးများဟာလည်း မရေမတွက်နိုင်တော့ပါဘူး။ ဒါလည်း ကုန်သွားလားဆိုရင် ပိုတောင်များလာတယ်လို့ ထင်နေရပါတယ်။ ကမ္ဘာမှာ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု အများဆုံးနိုင်ငံ ကျွန်တော်တို့နိုင်ငံ ဖြစ်လို့နေတယ်လို့ ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ရခိုင်ပြည်နယ်က ရခိုင်လူမျိုးတစ်ယောက်ပါ။ ကျွန်တော်တို့ ရခိုင်ဒေသမှာ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်တဲ့ နေရာမဟုတ်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ ရခိုင်ဒေသမှာ မူးယစ်ဆေးဝါး ခဏခဏ ဖမ်းမိနေတာ တွေ့ရှိနေရပါတယ်။ ဒါဟာ မူးယစ်ဆေးဝါးကို ရောင်းဝယ်ဖောက်ကားနေတဲ့၊ သယ်ယူပို့ဆောင်နေတဲ့ မူးယစ်ရာဇာတွေရှိနေလို့ပါပဲ။ ဒီရောင်းဝယ်နေတဲ့၊ သယ်ယူပို့ဆောင်နေတဲ့ မူးယစ်ရာဇာ မူရင်းဒိုင်ကြီးတွေကို ဖော်ထုတ်ဖို့ လိုအပ်နေပါတယ်။ ဒီလိုရောင်းဝယ်နေတဲ့ လူတွေရှိနေတဲ့အတွက် သုံးစွဲနေတဲ့ လူတွေလည်းရှိလာပါတယ်။ ရောင်းဝယ်ခြင်းဟာလည်း အောက်ဆုံးအဆင့် ကွမ်းယာဆိုင်တွေကအစ ရရှိနေတယ်လို့သိရပါတယ်။ ဒီလိုမျိုး မူးယစ်ဆေးဝါးကို အစိုးရတစ်ရပ်အနေနဲ့ ထိထိရောက်ရောက် အမြစ်ပြတ်ရှင်းလင်းရေးမှာ အင်မတန်အရေးကြီးနေပြီလို့ ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဆွေးနွေးစဉ်က ပါရှိတဲ့ မူးယစ်ဆေးဝါးသုံးစွဲသူတို့ကို ပြန်လည်ပြုစုကုသပျိုးထောင်ပေးတဲ့ စခန်းတွေ၊ လိုအပ်တဲ့နေရာများမှာ ဖွင့်လှစ်ပေးရေး အစီအစဉ်ပါဝင်ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ အဆိုရှင်ရဲ့ စေတနာကိုက နိုင်ငံတော်အတွက် လူငယ်များ မဆုံးရှုံးစေလိုတဲ့ စေတနာ ပါဝင်နေပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများဟာ အများအားဖြင့် မသိနားမလည်တဲ့ လူငယ်များ၊ ကျောင်းသားလူငယ်များ ပါဝင်နေပါတယ်။ လူငယ်များမှာ မည်သည့်အရာမဆို ကောင်းသည်၊ ဆိုးသည်ကို မဝေဖန်ဘဲ လက်တွေ့စမ်းသပ်လိုတဲ့ သဘာဝရှိပါတယ်။ လူငယ်များဟာ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ မူးယစ်ဆေးဝါး မူဝါဒအောက်မှာ ဓားစာခံများအဖြစ် ဖြစ်မှန်းမသိ ဖြစ်နေကြရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ လူငယ်များကို ဥပဒေအရ ဖမ်းဆီးထောင်ချနေခြင်းမှာ နိုင်ငံတော်၏ ကောင်းမွန်သော စေတနာမဟုတ်ဘဲ လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေခြင်းနဲ့ တူနေပါတယ်။ လူငယ်များကို မူးယစ်ဆေးဝါးအကြောင်းပြုပြီး ဖမ်းဆီးလိုက်ခြင်းအားဖြင့်လည်း လူငယ်များ၏ဘဝ အပြစ်မဲ့ ကောင်းမွန်လာမည်ဟု ယူဆ၍မရနိုင်ပါ။ အပြစ်ပေးခံရတဲ့ လူငယ်များ၏စရိုက်

များမှာ ဆိုးသည်ထက် ဆိုးသွားနိုင်ပါတယ်။ ကျောင်းပညာသင်နေတဲ့ လူငယ်များလည်း ပညာရေး ဆုံးရှုံးမှု ရှိနိုင်ပါတယ်။ သို့ပါသောကြောင့် မူးယစ်ဆေးဝါးသုံးစွဲလူငယ်များကို ထောင်ချ နေမည့်အစား ပြန်လည်ပြုစုပျိုးထောင်ပေးရေးစခန်းများ ဖွင့်လှစ်ပြီး လုပ်ဆောင်သင့်ပါကြောင်း ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၇ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးခြင်းကို ပြန်လည် စတင်ပါမယ်။ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**ဒုတိယဗိုလ်မှူးကြီး တင်လင်းဦး (တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီး တင်လင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းသော အဆိုနဲ့ပတ်သက်ပြီး အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြမှုအား Power Point ဖြင့် တင်ပြခွင့်ပြု ပါရန် ကြိုတင်ခွင့် တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မူးယစ်

ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နဲ့ ပြည်သူလူထုတို့မှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ ဘိန်းခင်းများကို ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှာ အများဆုံး တွေ့ရှိနိုင်ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး စသည့်ဒေသများတွင်လည်း အနည်းငယ်စိုက်ပျိုးကြောင်း သိရှိရပါတယ်။ ဘိန်းစိုက်ပျိုးထားရှိမှုများကို နှစ်စဉ်စီမံချက်များ ရေးဆွဲပြီး ဘိန်းဖျက်ဆီးမှုများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ မြန်မာတစ်နိုင်ငံလုံး ဘိန်းခင်းဖျက်ဆီးနိုင်မှုအခြေအနေမှာ (၁၅၃၉၄၉.၈၁)ဧက ဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်း ၂၉-၁၂-၂၀၁၅ ရက်နေ့မှ ၂၃-၂-၂၀၁၆ ရက်နေ့အထိ စိုက်ပျိုးပြီးဘိန်းခင်း (၁၅၂၈.၉၅)ဧကကို ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့မှ ဖျက်ဆီးနိုင်မှုအပါအဝင် ၂၀၁၅-၂၀၁၆ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်းဖျက်ဆီးနိုင်မှု စုစုပေါင်းမှာ (၁၈၆၆၄.၁၆)ဧက ဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ဘိန်းစိုက်ပျိုးဖျက်ဆီးနိုင်မှု အခြေအနေမှာ (၂၇၆၂၃၉.၆၆)ဧက ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်ပေါင်း(၂၆)နှစ်အတွင်း ဘိန်းချက်စက်ရုံ (၁၈၆)ခုကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဘိန်းဖြူနဲ့ စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာမှာ အဓိက အသုံးပြုတဲ့ ဓာတုဆေးမှုန့်နဲ့ ဆေးရည်တို့ကို ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်လုပ်နိုင်ခြင်း မရှိသော်လည်း အိမ်နီးချင်းနိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာခြင်း ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးများ အဓိကထုတ်လုပ်တဲ့နေရာများမှာ အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်စပ်လျက်ရှိတဲ့ နှစ်နိုင်ငံ တရားဥပဒေစိုးမိုးမှုအားနည်းနေသော နယ်စပ်ဒေသများဖြစ်ပြီး မြန်မာ၊ ထိုင်း၊ လာအို နယ်စပ်ရွှေတြိဂံဒေသဟာ မူးယစ်ဆေးဝါး ထွက်ရှိရာဒေသအဖြစ် ထင်ရှားသောနေရာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပ ပျောက်ရေးအတွက် နိုင်ငံတော်မှစီမံချက်များ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု အခြေအနေမှာ ဘိန်း (၇၃၇၂.၈၅၅) ကီလို၊ ဘိန်းဖြူ (၁၂၃၈.၆၇၄)ကီလို၊ စိတ်ကြွဆေးပြား (၉၆၈၄၇၂၆၈)ပြားနဲ့ အခြား ဓာတုဆေးဝါးများစွာကို ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအခြေအနေမှာ ဘိန်း(၄၀၈.၅၉)ကီလို၊ ဘိန်းဖြူ(၁၀၂.၉၁)ကီလို၊ စိတ်ကြွဆေးပြား(၄၆၅၁၇၉၄၂) ပြားနဲ့ အခြားဓာတုဆေးဝါးများစွာကို ဖမ်းဆီးရမိခဲ့ပါတယ်။ တပ်မတော်မှ တင်ပြပါ ကာလအတွင်း ပူးပေါင်းဖမ်းဆီးရရှိခဲ့တဲ့ မူးယစ်ဆေးဝါးများမှာ ဘိန်းဖြူ(၄၃.၁၄)ကီလို၊ ဘိန်းစိမ်း(၁၀၄.၁၁၉)ကီလို၊ စိတ်ကြွဆေးပြား (၈၉)သိန်းကျော်နဲ့ အခြားပစ္စည်းများ စုစုပေါင်းဒေသ တန်ဖိုး(၂၅)ဘီလီယံကျော် သိမ်းဆည်းရမိခဲ့ပါတယ်။

နိုင်ငံတော် အစိုးရအဆက်ဆက်မှ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆောင်ရွက်ရာမှာ တပ်မတော်အနေနဲ့လည်း တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးရရှိမှု ထူးခြား ဖြစ်စဉ်များကို Slide များဖြင့် တင်ပြထားပါတယ်။ ၂၁-၁၁-၂၀၁၃ ရက်နေ့ ရှမ်းပြည်နယ် မြောက်ပိုင်း မုံးစီးအခြေပြု မူးယစ်တပ်ဖွဲ့ဝင်များနဲ့ တပ်မတော်စစ်ကြောင်းတို့ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ ကွတ်ခိုင် မြို့နယ်၊ မုံးစီးကျေးရွာ၌ ကောင်းခမ်းဘိန်းချက်စခန်းအား သတင်းအရ ဝင်ရောက်ရှင်းလင်းရှာဖွေရာ တင်ပြပါ မူးယစ်ဆေးဝါးဆက်စပ်ပစ္စည်းများနဲ့ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပါတယ်။ ၂၅-၁၂-၂၀၁၃ ရက်နေ့မှာ ကွတ်ခိုင်နယ်မြေခံတပ်နဲ့ မူးယစ်တပ်ဖွဲ့တို့ဟာ ကွတ်ခိုင်မြို့နယ်၊ ရှောက်ဟော်

ကျေးရွာအနီး တောင်ယာခြံမှ တင်ပြပါမူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနဲ့ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပါတယ်။ ၁၄-၁၀-၂၀၁၄ ရက်နေ့မှာ နယ်မြေခံတပ်နဲ့ မူးယစ်တပ်ဖွဲ့ဝင်များဟာ တာချီလိတ်မြို့နယ်၊ ရေပူစမ်းကျေးရွာ အရှေ့ဘက်တောင်ယာမှ တင်ပြပါ မူးယစ်ဆေးဝါးများအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပါတယ်။ ၂၅-၇-၂၀၁၅ ရက်နေ့ နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့ဝင်များဟာ တာချီလိတ်မြို့နယ်၊ မလိပါကော် ကျေးရွာအနီး ရာဘာခြံမှ တင်ပြပါ မူးယစ်ဆေးဝါးများ၊ ဓာတုဆေးဝါး နဲ့ ဆက်စပ်ပစ္စည်းမျိုးစုံ(၂၃)မျိုး၊ စုစုပေါင်းတန်ဖိုး သိန်းပေါင်း (၃၀၅၆၃.၅၆)သိန်း သိမ်းဆည်းရမိ ခဲ့ပါတယ်။ ၃၀-၇-၂၀၁၅ ရက်နေ့မှာ နယ်မြေခံတပ် မူးယစ်တပ်ဖွဲ့နဲ့ ပူးပေါင်းပါဝင်တဲ့ အဖွဲ့တွေဟာ နမ့်စန်မြို့ထွက် ဘီးခွန်ကောက်ခံရေးစခန်းမှာ နမ့်စန်မြို့မှ မိုးနဲမြို့ဘက်ကို ထွက်ခွာမယ့် Nissan (၁၂)ဘီး မော်တော်ယာဉ်(၂)စီးပေါ်မှ တင်ပြပါ မူးယစ်ဆေးဝါး၊ ဓာတုဆေးဝါးနဲ့ ဆက်စပ်ပစ္စည်းကိရိယာများ ဖမ်းဆီးရမိခဲ့ပါတယ်။ ကော့ကရိတ်မြို့နယ်၊ ကောင်းမှုကျေးရွာတဝိုက် နယ်မြေရှင်းလင်းစဉ် ၂၁-၇-၂၀၁၅ ရက်နေ့နဲ့ ၁၀-၉-၂၀၁၅ ရက်နေ့မှာ တင်ပြပါ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ပါတယ်။

၂၀၁၆ ခုနှစ်တွင် တပ်မတော်မှ ပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ထူးခြား ဖြစ်စဉ်တချို့ကို ဆက်လက်တင်ပြပါမယ်။ ၃၀-၁-၂၀၁၆ ရက်နေ့မှာ နယ်မြေခံတပ်နဲ့ မူးယစ်တပ်ဖွဲ့များ ပူးပေါင်းအဖွဲ့ဟာ ကျိုင်းလပ်မြို့နယ်၊ နမ့်ကိုင်ကျေးရွာ တပ်စခန်းကုန်းရှေ့တွင် ယာဉ်များကိုပိတ်ဆို့ စစ်ဆေးခဲ့ရာ Pajero Sport အမျိုးအစား ယာဉ်ပေါ်မှ ကဖင်း(၆၉၄)ကီလိုအား သိမ်းဆည်း ရမိခဲ့ ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့မှာ နယ်မြေခံတပ်နဲ့ မူးယစ်တပ်ဖွဲ့များ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ ကျိုင်းတုံ- မိုင်းလား သွားကားလမ်း ကတ်ဖကျေးရွာနဲ့ ယန်းကျိန်ကျေးရွာအနီးမှာ ဖော်ကျူးနာ အဖြူရောင်မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ အိုက်စ်(၂၅၀)ကီလိုနဲ့ လက်နက်ခဲယမ်းများ သိမ်းဆည်း ရမိခဲ့ပါတယ်။ ၅-၄-၂၀၁၆ ရက်နေ့မှာတော့ တာချီလိတ်၊ မိုင်းဖုန်း(ခ)အုပ်စုကျေးရွာအနီးမှာ ထော်လာဂျီကို ရှာဖွေရာမှ ကဖင်း(၄၄၀၀)ကီလိုကို သိမ်းဆည်းရမိခဲ့ပါတယ်။

၂၂-၇-၂၀၁၆ ရက်နေ့မှာ နယ်မြေခံတပ်တွေပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ ဖယ်ခုံမြို့နယ်၊ ပီကင်းကျေးရွာ မိုးကာတဲအတွင်းမှ တင်ပြပါ မူးယစ်ဆေးဝါးများ ဒေသတန်ဖိုး ကျပ်သိန်း(၁၄၄)သိန်းဖိုး သိမ်းဆည်းရမိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်မှ နိုင်ငံခြားသံတမန်များ၊ သတင်းထောက်များ၊ မီဒီယာများ၊ သတင်းစာဆရာများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များအား ဖိတ်ခေါ်၍ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များမှာ (၂၉)ကြိမ်နဲ့ နယ်စပ်မြို့ များမှာ အကြိမ်ရေများစွာ မီးရှို့ဖျက်ဆီးခဲ့ပြီး ကမ္ဘာသိ ကြေညာနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၄-၇-၂၀၁၆ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ထုတ်လုပ်မှုပပျောက်ရေးအတွက် အဖွဲ့ (၃)ဖွဲ့၊ သုံးစွဲမှု ပပျောက်ရေးအတွက်အဖွဲ့ (၅)ဖွဲ့ဖြင့်လည်းကောင်း ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင် ရွက်လျက်ရှိပါတယ်။ လက်ရှိနိုင်ငံတော်မှာ လူငယ်များပြုစုပျိုးထောင်ရေးဌာန(၃)ခု ဖွင့်လှစ်ထားပါ တယ်။ နောက်ထပ် လူငယ်များပြုစုပျိုးထောင်ရေးဌာန(၁၄)ခုကို တိုင်းနဲ့ ပြည်နယ်များမှာ ဖွင့်လှစ် နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအဖွဲ့အနေနဲ့ လည်း တက္ကသိုလ်၊ ကျောင်းများမှာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိ ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့ဒေသများ၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့ဒေသများ၊ အစိုးရအုပ်ချုပ်မှုယန္တရားနဲ့ အလှမ်းဝေးကွာတဲ့ဒေသတွေမှာ မူးယစ်ဆေးဝါးနဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဆိုပါ အကြောင်းများကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ မြင့်မားအောင်မြှင့်တင်ပေးခြင်းများအပြင် အစိုးရအုပ်ချုပ်မှု ယန္တရားတိုးချဲ့ လုပ်ဆောင်နိုင်ပါက ဘိန်းစိုက်ပျိုးမှု တဖြည်းဖြည်းလျော့နည်းပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဟာ လူသားတို့ရဲ့ စာရိတ္တကို အကြီးမားဆုံး လှိုက်စားဖျက်ဆီးနိုင်တဲ့ လက်နက် ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရာမှာ လုပ်ဆောင်ရမယ့် နည်းလမ်းများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို မိမိနိုင်ငံအတွင်းသို့ ဝင်ရောက်လာတဲ့ လမ်းကြောင်းများကို ပိတ်ဆို့ခြင်း၊ စစ်ဆေးရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်းများ ပြုလုပ်ဆောင်ရွက်ရပါမယ်။

ဘိန်းစိုက်ပျိုးထုတ်လုပ်တဲ့နေရာများနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာတွေကို သတင်းရယူ စုံစမ်းဖော်ထုတ်ပြီး ဖျက်ဆီးရှင်းလင်းရမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ် ဖြန့်ဖြူးပြုလုပ်နေတဲ့ပင်ရင်းဌာနနေရာများကိုလည်း ပြည်သူလူထုနဲ့ ရယူပူးပေါင်းဖော်ထုတ်ပြီး ဖမ်းဆီးအရေးယူခြင်းများဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲနေသူများကိုလည်း ပြည်သူလူထုအကူအညီရယူဖော်ထုတ်ပြီး လူငယ်ပြုစုပျိုးထောင်ရေးဌာန ဆေးရုံများသို့ ပို့ဆောင်ပြီး ဆေးကုသမှု ခံယူစေခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြို့နယ်ရပ်ကွက်များတွင်သာမက ကျေးလက်ဒေသများအထိ ပြည်သူလူထုကို အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မူးယစ်ဆေးဝါးဟာ လူသားအားလုံးရဲ့ ပကတိစစ်မှန်တဲ့ ရန်သူကြီးလည်းဖြစ်သည်ဟု ခံယူလျက် မူးယစ်ဆေးဝါးများ ကမ္ဘာ့မြေပြင်မှ လုံးဝချုပ်ငြိမ်းပပျောက်သွားရေးကို လူသားအားလုံးက ဗဟိုရည်မှန်းချက်အဖြစ်ထားရှိလျက် လက်တွဲညီညီ တိုက်ဖျက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အသိအမှတ်ပြုခံယူလျက် နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တပ်မတော်အနေဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနဲ့ ပြည်သူများအနေဖြင့်လည်း တစ်ခဲနက် ပါဝင်ကာ အားသွန်ခွန်စိုက် အရှိန်အဟုန်မြင့် ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

၂၁-၁၁-၂၀၁၃ ရက်နေ့ ဘိန်းဖြူ ၆.၃၁၅ ကီလို၊ ဘိန်းညို ၁၂.၇၅ ကီလို၊ စိတ်ကြွဆေးမှုန့် ၄.၅၅ ကီလို၊ စိတ်ကြွဆေးပြား ၇၂၀၀ ပြား၊ ဆက်စပ်ပစ္စည်းများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိပုံ (င)



၃၀-၇-၂၀၁၅ ရက်နေ့ ဆာလဖျူရစ်အက်ဆစ် ၄၈၃ ဂါလန်၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၁၀၀၀ ဂါလန်၊ ဖိနိုင်းအက်စီတစ်အက်ဆစ် ၂၁၅၀ ကီလို၊ ဓာတုဆေးရည် ၁၈၀၀ ဂါလန်၊ အရိုးမီးသွေး ၇၅၀ ကီလိုနှင့် ဓာတုပစ္စည်းသုံး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှုပုံ (င-၁)



မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် တက္ကသိုလ်များ၊ ကျောင်းများတွင် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်နေပုံ (င-၂)



**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ ကျော်သန်းထွန်း (ကန်တုန်) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၇။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ကျန်းမာ၊ ချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သန်းထွန်း (ကန်တုန်) ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် မူးယစ်ဆေးဝါး အမြစ်ဖြတ်ဖယ်ရှားရေး၊ ဆေးစွဲသူများပြန်လည်ပြုစု ပျိုးထောင်ရေးနဲ့ ဆေးစွဲသူများ ပညာပေးရေး အဆိုတင်သွင်းမှုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ မူးယစ်ဆေးဝါ အန္တရာယ်ကာကွယ်တားဆီးရေးမှာ အမြော်အမြင်နဲ့ အသိတရားရရှိစေတဲ့ ပညာပေးရေးအစီအစဉ်များနှင့် ပြည်နယ်နှင့် နယ်စပ်ဒေသတွေမှာ တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေစိုးမိုးရေးတို့ဟာ မဖြစ်မနေ အားထုတ်လုပ်ဆောင်သွားဖို့ အရေးတကြီး လိုအပ်မှာ ဖြစ်ပါတယ်။ မူးယစ် ဆေးဝါးအကြောင်းပြုပြီး သေကြေပျက်စီးကြသူ များပြားလှပြီ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တောင်ပေါ်ဒေသနေ ပကတိရိုးသားကြတဲ့ ဘိန်းစိုက် တောင်သူများအတွက် ပြစ်ဒဏ်ပေးရေးထက် ဝမ်းစာနဲ့ ဘဝရပ်တည်ရေးကိစ္စတွေကို ထည့်သွင်း စဉ်းစားပေးဖို့လည်း လိုအပ်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခင်ကာလက လယ်မြေသိမ်းပြီး လယ်မဲ့၊ ယာမဲ့သူတွေအတွက် စားဝတ်နေရေး ပြဿနာကို မဖြေရှင်းဘဲ မိမိတို့နဲ့ မဆိုင်သလို နေခဲ့ကြတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာတော့ ဒီအနေအထားတွေအပြင် ရိုးသားကြတဲ့ တောင်ပေါ်ဒေသနေ ဘိန်းစိုက်တောင်သူတွေအတွက် စားဝတ်နေရေး ထည့်သွင်းစဉ်းစားပေးရမှာ

ဖြစ်ပါတယ်။ ဒီနေရာမှာ ဘိန်းစိုက်တောင်သူတွေအတွက် အကုန်အကျများတဲ့ စက်ရုံကြီးတွေ တည်ဆောက်ပေးဖို့ မဟုတ်ဘဲ နေ့စဉ်ရင်ဆိုင် ဖြေရှင်းနေကြရတဲ့ စားဝတ်နေရေးအတွက် နည်းပညာ၊ မျိုးစေ့နဲ့ ဈေးကွက်ဖန်တီးပေးရေး ဆက်သွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ယခင်က နှစ်ရှည်ပင်တွေဖြစ်တဲ့ ကော်ဖီ၊ လက်ဖက်နဲ့ မက်ကာဒေးနီးယားအပင်တွေကို စိုက်ပျိုးဖို့ အားပေးခဲ့ပေမယ့် နှစ်ရှည်ပင်များဖြစ်တော့ လက်ငင်းငွေမပေါ်ဘဲ ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် နေ့စဉ်စားသုံးဖို့ဝင်ငွေအတွက် ငွေအလွယ်တကူရပြီး မြန်မြန်သီးပွင့်တဲ့ ဘိန်းစိုက်ပျိုးခြင်း မစွန့်လွှတ်နိုင်ကြတာဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကအားဖြင့် ဘိန်းထက် ဝင်ငွေကောင်းပြီး တစ်နှစ် တစ်ရာသီအတွင်း ငွေဖြစ်လွယ်တဲ့ ဆေးဝါးကုန်ကြမ်းအပင်ထွက်ပစ္စည်းတွေကို စိုက်ပျိုးပြီး ဈေးကွက်ဆီ အရောက်တင်ပို့ခြင်းနဲ့ ငွေမြန်မြန်ရဖို့ စီစဉ်ပေးရမှာ ဖြစ်ပါတယ်။ တရုတ်ပြည်မှာ နိုင်ငံခြားဈေးကွက်ဆီ ဆေးဝါးကုန်ကြမ်းအပင်ထွက်ပစ္စည်းတွေ နှစ်စဉ်တင်ပို့ရင်း ဒေါ်လာဘီလီယံချီပြီး ဝင်ငွေကောင်းကောင်းရရှိစေခဲ့ပါတယ်။ ကမ္ဘာ့ဆေးဝါးဈေးကွက်မှာ ထိပ်တန်းက ဝင်ငွေအကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိတာ အားကျစရာကောင်းလှပါတယ်။ တရုတ်ပြည်နဲ့ တောင်ပေါ်ဒေသတွေက ရေမြေတောတောင်သဘာဝပထဝီအနေအထားအရ သမပိုင်းရာသီဥတု တူညီတာမို့ စိုက်ပျိုးခြင်း၊ စိုက်ပျိုးဖြစ်ထွန်းလွယ်တဲ့ အခြေအနေမှာ ရှိပါတယ်။ ဘိန်းထက်ဝင်ငွေ ကောင်းပြီး တစ်ရာသီအတွင်း ဝင်ငွေလည်းရ ပြစ်မှုပြစ်ဒဏ်ဘေး အန္တရာယ်ကင်းကင်းနဲ့ စိုက်ပျိုးနိုင်ခဲ့ရင် ဝယ်လိုအားကောင်းတဲ့ နိုင်ငံတွေနဲ့လည်း ကြိုတင်စာချုပ်ပြီး ချိတ်ဆက်ထားတာမို့ သေချာတဲ့ ဈေးကွက်ကို ဖန်တီးပေးဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ စက်ရုံကြီးတွေမလိုဘဲ မြေရှိရင်နည်းပညာနဲ့ ဈေးကွက် ခိုင်မာအောင် တည်ဆောက်ပေးခဲ့ရင် မည်သူမျှ ဘိန်းစိုက်ပျိုးကြတော့မည် မဟုတ်တော့ပါကြောင်းတင်ပြအပ်ပါတယ်။

ဒုတိယ တင်ပြချက်အနေနဲ့ ဘိန်းဖြတ်ဖို့ ဆေးပေးကုသတဲ့ ကဏ္ဍဖြစ်ပါတယ်။ မူးယစ်ဆေးစွဲ ဝေဒနာရှင်တွေကို မက်သာဒုံး ဆေးရည်တိုက်ကျွေးကုသနေကြောင်း ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့မှာ တင်ပြသွားတာကို ၃-၁၀-၂၀၁၄ သတင်းစာတွေထဲမှာ ပါရှိခဲ့ပါတယ်။ မူးယစ်ဆေးစွဲသူကို မူးယစ်ဆေးအပျော့စားပေးပြီး ဆေးဖြတ်ခြင်းက ဆေးစွဲသံသရာတာရှည်ပြီး ချုပ်ငြိမ်းသွားမည်မဟုတ်ပါ။ ဒီနေရာမှာ တရုတ်နဲ့ ဗီယက်နမ်နိုင်ငံတို့မှာ အနောက်တိုင်း ဆေးတွေရှိပေမယ့် ဆေးစွဲစေတာကြောင့် မိမိနိုင်ငံရဲ့ ရိုးရာဆေးတွေကို သိပ္ပံနည်းကျ စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပြီး ဘိန်းဖြတ်ဆေး တီထွင်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံက မိမိတို့ရိုးရာဆေးတီယန်းတော့ အမည်ရှိတဲ့ဆေးကို ဆေးပေးကုသရာမှာ အောင်မြင်ခဲ့လို့ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ငွေကြေးထောက်ပံ့အားပေးခြင်းဖြင့် ဆေးဝါးကောင်းတစ်လက်အဖြစ် ရပ်တည်ခဲ့ပါတယ်။ ဒီအနေအထားအတိုင်း မြန်မာနိုင်ငံရဲ့ အမျိုးသားရေးဆေးပညာ တိုင်းရင်းဆေးများကို သိပ္ပံနည်းကျ သုတေသနပြုတီထွင်ပြီး ဆေးစွဲဝေဒနာကုသတဲ့ ကုသခန်း ဆေးဝါးများ ဖော်ထုတ်သွားရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

ကျွန်တော်ရေးသားခဲ့တဲ့ ၂၀၁၃ ခုနှစ်က အမျိုးသားစာပေဆုရရှိခဲ့တဲ့ ကမ္ဘာ့ဈေးကွက်ဝင် မြန်မာ့ဆေးပင်နှင့် ဆေးဝါးပစ္စည်းများစာအုပ်မှာ မူးယစ်ဆေးဖြတ် အပင်တွေအကြောင်း ပါရှိခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ကလည်းပဲ မူးယစ်ဘေးနဲ့ တိုင်းရင်းဆေးအမည်ရှိတဲ့စာအုပ်ကို စာပေဗိမာန် ပြည်သူ့လက်စွဲ စာစဉ်ကနေပြီးတော့ ထုတ်ဝေပေးခဲ့ပါတယ်။ ဒီအနေအထားအတိုင်း မြန်မာနိုင်ငံရဲ့ အမျိုးသားရေး ဆေးပညာတိုင်းရင်းဆေးများကို သိပ္ပံနည်းကျ သုတေသနတီထွင်ပြီး ဆေးစွဲဝေဒနာကုသတဲ့ ကုခန်း အနေနဲ့ ဖော်ထုတ်ပေးဖို့ ဖြစ်ပါတယ်။ ပြည်တွင်းမှာ အချို့သော မြန်မာသမားတော်ကြီးများက မိမိတို့ ရိုးရာဆေးဝါးများဖြင့် ဆေးစွဲကုသရေးအနေနဲ့ ကုသပေးနေကြောင်း ကြားသိရပြီး ဘိန်းစိုက်တောင်သူ များ ဘဝရှေ့ရေးအတွက် ဖြေရှင်းပေးနိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ခွန်သိန်းဖေ ဖြစ်ပါတယ်။ စိုင်းဝမ်းလှိုင်းခမ်း ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ၎င်းအဆိုမှာ တောင်းဆိုချက် (၃)ချက်ကို အထင်အရှား တွေ့မြင်ရမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ထိထိရောက်ရောက် တားဆီးနှိမ်နင်းဖို့ရယ်၊ ပညာပေးရေးကို အောက်ခြေပြည်သူတွေဆီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ဖို့ရယ်၊ ဆေးသုံးနေတဲ့ လူငယ်လူရွယ်တွေကို ကုသရေးနဲ့ ပြန်လည်ထူထောင်ရေးကို လိုအပ်တဲ့နေရာတိုင်းမှာ စီစဉ်ဆောင်ရွက် ပေးဖို့ရယ် ဆိုတာတွေပဲ ဖြစ်ပါတယ်။ ဒီ(၃)ချက်စလုံးက အလွန်ပဲအရေးကြီးပါတယ်။ အဲဒီ (၃)ချက်မှာ အခရာအကျဆုံး၊ ထိရောက်မှုအရှိဆုံးနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ အကိုက်ညီဆုံး လုပ်ရမှာကတော့ တားဆီး နှိမ်နင်းရေးပဲ ဖြစ်ပါတယ်။

ကျွန်တော်သိရသလောက် ကျွန်တော်တို့နိုင်ငံမှာ မူးယစ်ဆေးဝါးတွေ တောရော မြို့ပါမကျန် အလွှာအသီးသီးထဲကို စိမ့်ဝင်ထိုးဖောက်လာတာဟာ ၁၉၉၀ နောက်ပိုင်းမှပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ရဲ့ဖွားဖက်တော်လို့ပဲ ပြောရမလို ဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်က ငြိမ်းချမ်းရေးကို အာရုံစိုက်နေတဲ့အချိန် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ မျက်နှာပန်းလှချိန်မှာ ဝိသမလောဘသားများက လက်နက်ကိုင်အဖွဲ့အစည်းများကို အရောင်ဆိုး ဝင်ပူးပြီး ငြိမ်းချမ်းရေးကိုခုတုံးလုပ် ပုံမှားရိုက်ပြီး မူးယစ်ဆေးဝါးကို အကြီးအကျယ်ထုတ်လုပ်လာခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တရားဥပဒေ စိုးမိုးမှုအားနည်းတာကို အခွင့်ကောင်းယူပြီး တရားရေးမဏ္ဍိုင်ကလည်း မကြံ့ခိုင်တော့ မူးယစ်ရာဇာ များဟာ အချို့သောဒေသအာဏာပိုင်၊ ဌာန၊ လူပုဂ္ဂိုလ်အချို့ကိုတောင် သိမ်းသွင်းနိုင်ခဲ့သလားလို့ တောင်ယူဆရမလို အဖြစ်အပျက်များက သက်သေပြလျက်ရှိပါတယ်။ အကြောင်းမှာ ၎င်းလောကသားများ

ပြောနေကျလက်သုံးစကားမှာ လုပ်လို့ရလို့ လုပ်နေတာ။ လုပ်လို့မရရင်ဘယ်တော့မှ မလုပ်တော့ဘူး ဆိုတာပဲ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ မိမိတို့နိုင်ငံရဲ့ မူးယစ်ဆေးဝါးသုံးစွဲနေမှု အခြေအနေဟာ စိုးရိမ်ရတဲ့ ရေချိန် အမှတ်ကိုကျော်လွန်နေပြီ ဖြစ်ပါတယ်။ ပြည်နယ်များဟာ အဆိုးဆုံးပဲဖြစ်ပါတယ်။ အချို့ပြည်နယ်ဒေသ တွေမှာဆိုရင် မင်းမဲ့တိုင်းပြည်လို ဖြစ်ပျက်နေသည်များလည်း ရှိနေပြီဖြစ်ပါတယ်။ မင်းမဲ့စရိုက်ဆီကို ဦးတည်နေတဲ့ ဒေသများလည်းရှိနေပြီ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေကြတာမှာလည်း လိုင်စင်ရ တရားဝင်အလား ထင်မှတ်ရပါတယ်။ ပွဲလမ်းသဘင်များတွင် ဧည့်ခံခြင်း၊ လုပ်ငန်းခွင်ဝင် လုပ်သားများကို ၎င်းနဲ့မြူဆွယ် အလုပ်ခေါ်ခြင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာဆိုရင် ဂိမ်းဆိုင်များတွင် ဖောက်သည်ကို ဝန်ဆောင်မှုပေးတဲ့အနေနဲ့ ပဲကြီးလှော်ဧည့်ခံသလို တည်ခင်းဧည့်ခံခြင်းများ၊ စုပေါင်း ဝိုင်းဖွဲ့သုံးစွဲခြင်းများအထိ အတင့်ရဲစွာ လုပ်ကိုင်လာကြပြီကို တွေ့မြင်နေရမှာ ဖြစ်ပါတယ်။

မိမိတို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာလည်း အခြားဒေသ ပြည်နယ်များနည်းတူ မူးယစ်ဆေးဝါးဒဏ်ကို အလူးအလဲခံနေရပြီ ဖြစ်ပါတယ်။ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်များဟာ ပြည်ထောင်စုကို ချစ်တဲ့စိတ်၊ ပြည်သူကိုချစ်တဲ့စိတ်နဲ့ ပအိုဝ်းဒေသကို ၁၉၉၁ ခုနှစ်မှာ ငြိမ်းချမ်းစေခဲ့ ပါတယ်။ယနေ့အထိဆိုရင် ပြည်သူတွေစစ်ဘေး၊ စစ်ဒဏ်မခံရတော့တာ (၂၆)နှစ်လောက်ရှိပြီ ဖြစ်ပါ တယ်။ ဒီကြားကာလမှာလည်း ဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြည်သူတွေရဲ့ စီးပွားရေး၊ စားဝတ်နေရေး မြင့်မားတိုးတက်အောင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်နယ်အစိုးရနဲ့ လက်တွဲကာ အားကြိုးမာန်တက် ဆောင်ရွက်လာခဲ့လို့ ယခုအချိန်မှာ ပအိုဝ်းဒေသဟာ အတော်အသင့်ဖွံ့ဖြိုးတိုးတက် လာပြီဖြစ်ပါတယ်။ ဒီဟာပေါ်မှာ ပြည်သူများ အပြည့်အဝမခံစားရသေးခင်မှာ ဒီမူးယစ်ဆေးဝါးဆိုတဲ့ အရိပ်မည်းကြီးကြောင့် နှစ်(၂၀)ကျော် ပင်ပန်းကြီးစွာ တည်ဆောက်ထားတဲ့ ပအိုဝ်းဒေသဟာ တစ်မနက်တည်းနဲ့ ပြိုကွဲရမလို ဖြစ်နေရပါတယ်။

ဒါကြောင့် ၂၀၁၆ခုနှစ်၊ ဇွန်လဆန်းတုန်းက ပအိုဝ်းဒေသမှာ ရဟန်းသံဃာ အဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ MANA အဖွဲ့အပါ တိုင်းရင်းသား ခေါင်းဆောင် များနဲ့ ပြည်သူများတွေ့ဆုံညှိနှိုင်းပြီး ပအိုဝ်းဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးထိန်းချုပ်ရေး စီမံချက်ကို ရေးဆွဲကာ တတ်နိုင်သလောက် စတင်ဖော်ဆောင်နေပြီ ဖြစ်ပါတယ်။ ဒေသခံများ ကိုယ့်ရွာ ကိုယ်ထိန်းတဲ့စနစ်၊ ကိုယ့်လူကိုယ်ထိန်းတဲ့စနစ်ဖြင့် ဒေသလူထုအခြေပြု လှုပ်ရှားမှုကို ဆောင်ရွက် လျက် ရှိပါတယ်။ သို့ရာတွင် နယ်ကျော်လာတဲ့ မူးယစ်ရာဇာများ၊ အဖွဲ့အစည်းများ၊ လက်နက်ကိုင်ပြီး ဖြန့်ချိနေသည်များ၊ ယူနီဖောင်း အမျိုးမျိုးဖြင့် ရွာလည်ရောင်းချနေသည်များကိုတော့ ပအိုဝ်းပြည်သူ များက ဘာမှမတတ်နိုင်ပါ။ အဲဒီအပိုင်းကိုတော့ နိုင်ငံတော်တာဝန်ရှိသူများမှ ဖိဖိစီးစီးဆောင်ရွက် ပေးစေလိုပါတယ်။ ဆောင်ရွက်ပေးလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ အခုလို မူးယစ်ဆေးဝါး ပြဿနာကြီးထွားလာရခြင်းမှာ နိုင်ငံတော်ကိုအုပ်ချုပ်တဲ့ အစိုးရအဆက်ဆက်ရဲ့ အပေါ်မှာပဲ အဓိက တာဝန်ရှိတယ်လို့ ထင်မြင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရလုပ်တဲ့လူက အရေးယူ ဆောင်ရွက်မှု အားနည်းခဲ့လို့ပဲ ဖြစ်ပါတယ်။ ဥပဒေက သူ့လက်ထဲမှာရှိတယ်။ တပ်မတော်လည်း သူ့ဆီမှာပဲ။ ပြည်သူ့ရဲလည်း သူ့ဆီမှာပဲ။ အုပ်ချုပ်ရေးအဆင့်ဆင့်လည်း သူ့ဆီမှာပဲ ဖြစ်ပါတယ်။ အစိုးရကသာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ တာဝန်ကျေခဲ့ရင် ဒီလိုအနေအထားအထိတောင်

ရောက်စရာ အကြောင်းမရှိပါဘူး။ အစိုးရအနေနဲ့ လောက်လောက်လားလား အရေးယူ ဆောင်ရွက်လာတာဆိုလို့ ၂၀၁၄ နောက်ပိုင်းမှလို့ ပြောလို့ရပါတယ်။ ဒါတောင် ပြတ်ပြတ်သားသား ထိထိရောက်ရောက် ဆောင်ရွက်နေပြီလို့ ပြောလို့မရသေးပါဘူး။

နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် အစိုးရအနေနဲ့ For Show မလုပ်ဘူး။ နိုင်ငံရေး ကစားကွက် မလုပ်ဘူး။ အမှန်တကယ် ထိထိရောက်ရောက်တားဆီးနှိမ်နင်းမယ်ဆိုရင် မခက်ပါဘူးလို့ အကြံပြုချင်ပါတယ်။ ဒါကြောင့် မူးယစ်ဥပဒေပြင်သင့်ရင်ပြင်ပြီး နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေကို လုံလောက်စွာ ရယူသုံးစွဲကာ ရှင်းလင်းပြတ်သားသော အစီအမံများဖြင့် အရှိန်အဟုန်ပြင်းပြင်းဖြင့် စစ်ဆင်ရေး တစ်ရပ်အသွင် တားဆီးနှိမ်နင်းခြင်းသည်သာ တစ်ခုတည်းသော အဖြေဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ မြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၀၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဆရာစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကိုဆွေးနွေးတဲ့အခါမှာ ပထမဦးဆုံးအနေနဲ့ United Nations Office on Drugs and Crime (UNODC) ရဲ့ ၂၀၁၆ခုနှစ် မြန်မာနိုင်ငံအပေါ်မှာ ထုတ်ပြန်ထားတဲ့ Report ပါ အချက်တချို့ကို တင်ပြလိုပါတယ်။ အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှဒေသတွင်း နိုင်ငံများ၊ မဲခေါင်ဒေသနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ မြန်မာနိုင်ငံ၏ တရားမဝင်မူးယစ်ဆေးဝါးနှင့် အစပျိုးဓာတုပစ္စည်းများ Precursor များကို ဆိုလိုတာပါ။ ဒါတွေကို သုံးစွဲမှု သယ်ဆောင်ရောင်းဝယ်မှုနဲ့ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များအရ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးဆိုင်ရာ အခြေအနေဟာ ဆိုဝါးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒီအကြောင်းရင်းခံကြောင့် လူမှုဝန်းကျင်အတွင်းမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေပြီးတော့ တားဆီးနှိမ်နင်းရေး၊ တရားစီရင်ရေး၊ အကျဉ်းထောင်များ၊ ကျန်းမာရေးဆိုင်ရာ တာဝန်ခံများနဲ့ အဖွဲ့အစည်းများအပေါ် သက်ရောက်မှုတို့ဟာလည်း သိသာထင်ရှားလာစေခဲ့ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ လက်ရှိစိန်ခေါ်မှုတွေကို တုံ့ပြန်နိုင်ရေးအတွက်ကတော့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများကို ပြုပြင်ရေးဆွဲဖို့ အချိန်ကျရောက်နေပြီလို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အစည်းကနေပြီးတော့ အကြံပြုထားတာ ဖြစ်ပါတယ်။

အဲဒီတော့ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက ကွန်ဗင်းရှင်း (၃)ခု ထုတ်ခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာတော့ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း (Single Convention on Narcotic Drugs) ပဲ ဖြစ်ပါတယ်။ ၁၉၇၁ မှာတော့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်း (Convention On Psychotropic Substances) ပါလာပြီ။ ၈၈ မှာကျတော့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများ၊ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United

Nations Convention Against Illict Traffic in Narcotic Drugs and Psychotropic Substances) ဘာကိုတင်ပြလိုတာလဲဆိုတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်ဖြစ်ပေါ်လာတဲ့ မူးယစ်ဆေးဝါးများရဲ့ အခြေအနေနဲ့ မူးယစ်ဆေးဝါးကဲ့သို့ အလွဲသုံးနိုင်တဲ့ ဆေးဝါးပစ္စည်းများရဲ့ အခြေအနေ လက်တွေ့ကျကျ တားဆီးနှိမ်နင်းထိန်းချုပ်ရေးဆိုင်ရာ လိုအပ်ချက်တွေအရ ကုလသမဂ္ဂအဖွဲ့ကြီးပင်လျှင် Convention တွေကို အဆင့်ဆင့်ခေတ်နဲ့အညီ ပြောင်းလဲခဲ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ၁၉၇၄ ခုနှစ်မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေသော ဆေးဝါးများဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၉၃ မှာတော့ လက်ရှိတည်ဆဲ ဥပဒေဖြစ်တဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများဆိုင်ရာ ဥပဒေကို အခန်း(၉)ခန်း၊ ပုဒ်မ(၃၁)ခုနဲ့ ပြဋ္ဌာန်းခဲ့သော်လည်းပဲ ဒီတည်ဆဲမူးယစ်ဆေးဝါးဆိုင်ရာဥပဒေ၊ နည်းဥပဒေ ဟာ နှစ်ပေါင်း(၂၀)ကျော် ကြာမြင့်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြောင်းလဲလာတဲ့ ကမ္ဘာ့စံနှုန်းတွေနဲ့ အညီ တားဆီးနှိမ်နင်းရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ခေတ်နဲ့ လျော်ညီစွာ ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေကို ပြန်လည်သုံးသပ်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ ပြဋ္ဌာန်း ဥပဒေတစ်ရပ်ဟာ ခေတ်စနစ်နဲ့ လျော်ညီမှုရှိစေဖို့ အမြဲမပျက် သုံးသပ်နေဖို့ လိုပါတယ်။ လိုအပ်တဲ့ အချိန်မှာ ပြင်ဆင်နိုင်ရမှာ ဖြစ်ပါတယ်။ တကယ်လိုအပ်လာပြီဆို အသစ်ရေးဆွဲသင့်ရင်လည်း ရေးဆွဲ ရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့ နေရာမှာတော့ မူဝါဒ ခိုင်မာဖို့လိုပါတယ်။ ထိရောက်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပြီးတော့ ဆောင်ရွက်မယ့် မဟာဗျူဟာ၊ နည်းဗျူဟာ များနဲ့ ပြဋ္ဌာန်းဥပဒေတို့ဟာလည်း ဆက်စပ်မှု၊ လိုက်လျောညီထွေရှိမှုတို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဥပဒေ ပြင်ဆင်ဖို့ဆိုတာ ဒီဘက်ခေတ်မှမဟုတ်ပါဘူး။ ခုန စစ်ကိုင်းတိုင်းဒေသကြီးက ကိုယ်စားလှယ် တော်ကြီး ဦးလှဦး တင်ပြသွားတဲ့ အမရပူရ ပထမနန်းတည် ဘိုးတော်ဘုရား၊ ဗဒုံမင်းလက်ထက် တုန်းက အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီတော့ ပြန်တမ်းမှာ ဒီအမိန့်နဲ့ ပတ်သက်ပြီးတော့ ဒီခေတ် ဆိုရင်တော့ နည်းဥပဒေလို့ပြောရမှာပေါ့။ နာခံတော်ကြီးမှာ ဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှူ အမှုသည် မြန်မာတိုင်းပြည်တွင် ဓလေ့မရှိ ဖြစ်သည်။ ဘိန်းစား၊ ဘိန်းသောက်၊ ဘိန်းရှူတို့ကို မြို့ဝန်က ဖမ်းဆီး၍ အကျဉ်းလုံအောင်ထားစေ။ ဘိန်းရောင်းသူလည်း မရှိစေနှင့်။ ဘိန်းရှိသမျှကို သိမ်း၍ ရွှေတိုက်တော်သို့ သွင်းစေလို့ အမိန့်ဆက်ပြီးတော့ ထုတ်ပြန်ခဲ့ပါတယ်။ ဒီနေရာမှာ ခြွင်းချက်တစ်ခုတော့ ပေးခဲ့ပါတယ်။ သို့ရာတွင် စစ်ချီ၊ စစ်တပ်၊ စစ်သည်များအတွက် ရောဂါအန္တရာယ် ကာကွယ်နိုင်ရန် တစ်ဦးလျှင် ဘိန်းတစ်ပဲသားစီ ဆောင်နိုင်သည်ဆိုတဲ့ ခြွင်းချက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ပုဂံမင်းလက်ထက် မြန်မာ သက္ကရာဇ် ၁၂၁၃၊ တပေါင်းလပြည့်ကျော် ၁၄ ရက်မှာတော့ ဒီဘက်ခေတ်ဆိုရင်တော့။ အမိန့်ကြော်ငြာစာ သဘောပေါ့။ အမိန့်တော် ဆက်လက်ထုတ်ပြန်ခဲ့ပါတယ်။ ဘိန်းဘင်းကစော်များကို စစ်သည်များကပါ မသောက်စားကြစေရန်ဆိုပြီးတော့ ခေတ်နဲ့အညီ မြန်မာဘုရင်များ လက်ထက်ကတောင်မှ ကျွန်တော်တို့ ဒီလို ပြင်ဆင်ခဲ့တာ ရှိပါတယ်။

ဒါကြောင့်မို့လို့ မူးယစ်ဥပဒေတွေဟာလည်း ပြင်ဆင်သင့်ရင် ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ မှုခင်းတွေဟာ တခြားအကြောင်းအရာများနဲ့လည်း ချိတ်ဆက်နေပါတယ်။ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေတတ်တဲ့ ဆေးဝါးများရဲ့ အန္တရာယ်ဟာ လူမှုရေး၊ စီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ ကျန်းမာရေးနဲ့ မိသားစု အခြေခံဘဝတွေကို ဆိုရွားစွာ ထိခိုက်စေနိုင်တယ်ဆိုတာတော့

အားလုံးသိပါတယ်။ နောက်ဒီဆေးတွေကို ထုတ်လုပ်၊ သယ်ဆောင်၊ ဖြန့်ဖြူး ရောင်းချခြင်းနဲ့ ဆက်နွှယ်နေတဲ့ ရာဇဝတ်မှုခင်းတွေဟာဆိုရင်တော့ ငွေကြေးခဝါချမှု Money Laundry အများစုဟာလည်း ဒီမူးယစ်ဆေးဝါးကပါပဲ။ လူကုန်ကူးမှု၊ နောက်တစ်ခါ လက်နက်ခဲယမ်းမှောင်ခိုမှု ဒီထက်မကပါဘူး။ ကမ္ဘာမှာအခု တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ Terrorism အကြမ်းဖက်မှုတွေ နယ်ပယ်တွေနဲ့ပါ ဆက်စပ်နေပါတယ်။

ဒါကြောင့်မို့လို့ မူးယစ်အန္တရာယ်ဟာ ဘယ်လောက် ကြီးမားသလဲဆိုတဲ့ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာကိုတောင်မှ ထိခိုက်နိုင်တဲ့အခြေအနေထိ ရောက်ရှိနိုင်ပါတယ်။ ဆရာစိုင်းဝမ်းလှိုင်းခမ်း တင်ပြထားတဲ့ အဆိုမှာ အပိုင်း(၃)ပိုင်း ပါတဲ့အနက်မှ ဖမ်းဆီးအရေးယူရေး၊ ပညာပေးရေးအပိုင်းများလည်း မှန်ပါတယ်၊ တိုးမြှင့်ပြီး ဆောင်ရွက်ဖို့ လိုပါတယ်။ ပြုစုကုသရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကတော့ အရေးကြီးဆုံး ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိရင် တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ ကျွန်တော်တို့ Dealer နဲ့ User ကို ခွဲထားပါတယ်။ သုံးစွဲတဲ့သူတွေ မူးယစ်ဆေးစွဲတဲ့သူတွေဟာ မူးယစ်ဆေးဝါးရဲ့ သားကောင်တွေ ဖြစ်ပါတယ်။ သူတို့ကို ကျွန်တော်တို့က လူသားချင်း စာနာထောက်ထားပြီးတော့ ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကြံ့ခိုင်တဲ့အခြေအနေအထိ ပြန်လည်စောင့်ရှောက်ပေးဖို့လိုပါတယ်။ လူမှုအဝန်းအဝိုင်းထဲကနေပြီးတော့ ခွဲခြားပစ်ပယ်တာမျိုး မလုပ်ဖို့လည်းလိုပါတယ်။

ဒါတွေကို ကျွန်တော်တို့ ပြန်ပြီးတော့ လူဝင်ဆန့်အောင် ဆောင်ရွက်ပေးနိုင်မှ မူးယစ်အန္တရာယ်ဟာ တဖြည်းဖြည်း တဖြည်းဖြည်း နဲ့သုံးစွဲမှုလျော့ကျသွားမှာ ဖြစ်ပါတယ်ဆိုတာကို လေးစားစွာတင်ပြလိုပါတယ်။ ပြဋ္ဌာန်းဥပဒေတွေကို ခေတ်စနစ်နဲ့ လျော်ညီအောင်ပြန်လည်သုံးသပ် ပြုပြင်ပြောင်းလဲခြင်းများ၊ မူဝါဒများကို ပြန်လည် သုံးသပ်ခြင်းများ ပြန်လည်ဆောင်ရွက်ဖို့ လိုအပ်သလို ကိုယ်စားလှယ်တော်ကြီးများလည်း ရှေ့က အကုန်လုံးဆွေးနွေး တင်ပြပြီးသွားပါပြီ။ ဥပဒေများရဲ့ အသက်ဝင်မှုနဲ့ လေးစားလိုက်နာမှုအတွက် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများကလည်း ဥပဒေနဲ့အညီ ထိထိရောက်ရောက်ကျင့်သုံးဆောင်ရွက်ပေးမှသာ အောင်မြင်ပါလိမ့်မယ်။ မဟုတ်ရင် ကျွန်တော် တောက်လျှောက် တင်ပြနေသလိုပါပဲ။ ဥပဒေများက ဥပဒေအပိုင်း၊ Implementation အပိုင်းအားနည်းတဲ့အခါမှာ Law Enforcement တရားဥပဒေစိုးမိုးရေး အားနည်းပြီးတော့ ထိရောက်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင်တော့ ကိုယ်စားလှယ်တော်ကြီး ဆရာစိုင်းဝမ်းလှိုင်းခမ်း တင်ပြသွားတဲ့ အချက်(၃)ချက်စလုံးဟာ ခေတ်အဆက်ဆက်ဆောင်ရွက်နေတဲ့ ဆောင်ရွက်ဆဲလုပ်ငန်းများလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အမြစ်ပြတ်ဖို့ ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့ပေမယ့် ကိုင်းဖျား၊ ကိုင်းနားသာ ဖြတ်တောက်လို့ ရနေသေးတာဟာ ဘာကြောင့်လဲ။ မအောင်မြင်တဲ့ အချက်တွေကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့ လိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှာ ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒနဲ့ တည်ဆဲဥပဒေတို့ဟာ အနှစ်(၂၀)ကျော် ကြာမြင့်နေပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပြောင်းလဲဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်အထူးအားဖြင့်တော့ တည်ဆဲမူးယစ်ဆေးဝါးဥပဒေမှာ ပါဝင်တဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများကို အပြစ်ပေးအရေးယူခြင်းထက် ပြန်လည်ထူထောင်ရေး လုပ်ငန်းရပ်များ အပါအဝင်

ပြုစုကုသရေး လုပ်ငန်းရပ်များကိုပါ ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း အလေးအနက် တိုက်တွန်းတင်ပြရင်းနဲ့ ကျွန်တော်တင်ပြချက်ကို ရပ်နားခွင့်ပြုပါခင်ဗျား။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး နှံ့နှံ့စပ်စပ် သိရှိနားထောင်ပြီး ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အဆို ခေါင်းစီးမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာခပ်များများလို့ အထူးပြုထားတာ တွေ့ရပါတယ်။ အဆိုကို ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့ရဲ့နယ်မြေဒေသများမှာ မူးယစ်ဆေးဝါးနဲ့ စပ်လျဉ်းတဲ့ဖြစ်ပျက်နေမှုများကို ပကတိအခြေအနေအတိုင်း ဆွေးနွေးသွားကြတာတွေ့ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ တင်ပြဆွေးနွေးသွားတဲ့အတိုင်းပဲ မူးယစ်ဆေးဝါးဟာ မြန်မာနိုင်ငံနေရာဒေသ အနှံ့အပြားမှာ ဖြစ်ပွားနေတဲ့ကိစ္စ ဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌအနေနဲ့ ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို မြန်မာနိုင်ငံ အနှံ့အပြားတွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက် မူးယစ်ဆေးဝါး သုံးစွဲသည့်နေရာများအား အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများကို ရပ်ကွက်/ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုလို့ ပြင်ဆင်ပါမယ်။

အဲဒီအချက်နဲ့ပတ်သက်ပြီး အဆိုရှင် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ သဘောထားကို တင်ပြပေးပါ။

**အချိန်၊ ၁၂း၁၁။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီး ပြောင်းပေးလိုက်တဲ့ ခေါင်းစဉ်အတိုင်းကို ကျွန်တော်ကနေပြီးတော့ အဆိုရှင်ကနေ သဘောတူပါကြောင်း ပြောကြားလိုပါတယ်ခင်ဗျ။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်က သဘောတူတဲ့အတွက် ဒီအတိုင်းပဲ အတည်ပြုပါမယ်။ အဆိုနှင့် စပ်လျဉ်းပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြင်ဆင်ထားတဲ့ အဆိုခေါင်းစီး စာသားအတိုင်း ပြန်လည် ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၂။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

ပြည်ထဲရေးဝန်ကြီးဌာနမှာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းတဲ့ အဆိုမှာ ယခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြင်ဆင်သတ်မှတ်လိုက်တဲ့ မြန်မာနိုင်ငံ အနှံ့အပြားမှာ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားနေမှုများ၊ အုပ်စုလိုက်မူးယစ်ဆေးဝါး သုံးစွဲသည့် နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေးနဲ့ မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးမှုများကို ရပ်ကွက်/ကျေးရွာ မကျန်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် တိုးမြှင့်ဖွင့်လှစ် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး၊ ၁၉၉၅ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှာ နည်းဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာ ထုတ်ပြန်တဲ့ ထိန်းချုပ်ဓာတုဗေဒ ပစ္စည်းကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများနဲ့ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေး ဥပဒေတွေကိုလည်း ပြဋ္ဌာန်းထားရှိပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၈၉၊ ၁၉၉၃၊ ၁၉၉၇၊ ၂၀၀၇ ခုနှစ်တို့နဲ့ ၂၀၁၁ ခုနှစ်တို့မှာ (၅)ကြိမ်တိုင်တိုင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးများကို တိုက်ဖျက်နိုင်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာ နည်းနိဿယများကို ချမှတ်ပြီး နိုင်ငံတော်ရဲ့ မူဝါဒများနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ ယခုအခါ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးလုပ်ငန်းများနဲ့ စပ်လျဉ်းပြီး မူဝါဒများချမှတ်ခြင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း များ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၆)နဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ်ပါဝင်ခဲ့ပြီး ဝန်ကြီးဌာန(၁၁)ခုတို့မှ အဖွဲ့ဝင်(၁၅)ဦးနဲ့ လုပ်ငန်းတာဝန်များကို ပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။ အသစ်ဖွဲ့စည်းထားတဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေနဲ့ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဆင့်ဆင့်ကို ပြင်ဆင်ဖွဲ့စည်းပြီး ယင်းဒေသဆိုင်ရာ အဖွဲ့အစည်း အသီးသီးရဲ့ လုပ်ငန်းတာဝန်များကိုသတ်မှတ်ပေးခဲ့ကာ မူးယစ်ဗဟိုအဖွဲ့ရဲ့ အစည်းအဝေး (၁/၂၀၁၆) ကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနမှာ ယနေ့စတင်ကျင်းပပြုလုပ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးကို အမျိုးသားရေးအန္တရာယ်အဖြစ် သတ်မှတ်ပြီး စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိရာမှာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)နဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့အောက်မှာရှိတဲ့ အဖွဲ့တွေကိုလည်း တားဆီးနှိမ်နင်းရေးနဲ့စီမံခန့်ခွဲရေးအဖွဲ့ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေး အဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများ အား အသိပညာပေး လှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့နဲ့ ထိန်းချုပ်ဓာတုဗေဒပစ္စည်းများ ကြီးကြပ်ရေး အဖွဲ့ဟူ၍ လုပ်ငန်းအဖွဲ့(၁၀)ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့လက်အောက်မှာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့အတွက် ၁၉၉၂ ခုနှစ်ကစ၍ မူးယစ် ဗဟိုနှင့် တားဆီးနှိမ်နင်းရေးဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မှာတော့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းကာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးအထူးအဖွဲ့(၂၆)ဖွဲ့ တားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အဖြစ် တိုးချဲ့ ဖွဲ့စည်းပြီး မူးယစ်တပ်ဖွဲ့ (၃)ခုဖြင့် မူးယစ်တပ်ဖွဲ့စု (၅၀)အထိ တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်လျက်ရှိ ပါတယ်။ ဖွဲ့စည်းပုံအင်အားတိုးချဲ့မှုများ ပြုလုပ်ခဲ့ရာမှာ ခွင့်ပြုအင်အား အရာထမ်း(၃၁၂)ဦး၊ အမှုထမ်း (၃၆၈၂)ဦး၊ စုစုပေါင်း (၃၉၉၄)ဦးဖြင့် ခွင့်ပြုထားပြီးဖြစ်သော်လည်း လက်ရှိအင်အားအနေဖြင့် အရာထမ်း(၁၂၈)ဦး၊ အမှုထမ်း(၉၆၁)ဦး၊ စုစုပေါင်း(၁၀၈၉)ဦးဖြင့် မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် အင်အားများ တိုးမြှင့်ခန့်ထားနိုင်ရေးလည်း အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်အနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို မူးယစ်တပ်ဖွဲ့ဝင်များသာမက ဒေသအလိုက် ခန့်အပ်ထားသည့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၊ ရဲကွပ်ကဲရေးအဖွဲ့များရှိ ရဲတပ်ဖွဲ့ခွဲများမှာလည်း အလေးအနက်ထား တာဝန်ယူ ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ Precursor ဓာတုဗေဒဆေးရည်များနဲ့ အက်ဆစ်များ အဓိကလိုအပ်ပြီး ၎င်းပစ္စည်းများဟာ မြန်မာနိုင်ငံ မှာ ထုတ်လုပ်နိုင်ခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာ ဒေသများသို့ တရားမဝင်လမ်းကြောင်းမှ တင်သွင်းလျက်ရှိပါတယ်။ တရားမဝင် ဝင်ရောက်လာတဲ့ ထိန်းချုပ်ဓာတု ဗေဒပစ္စည်းများကို မြန်မာနိုင်ငံသို့ တရားမဝင်တင်သွင်းပြီး တရားဥပဒေစိုးမိုးမှု အလှမ်းကွာဝေးသည့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် နယ်စပ်ဒေသအချို့သို့ သယ်ဆောင်ပြီး မူးယစ်ဆေးဝါးများ တရားမဝင် ထုတ်လုပ်သည့် နယ်စပ်ဒေသများမှတစ်ဆင့် ဒေသအတွင်း သယ်ယူပို့ဆောင်ရောင်းဝယ် ပျံ့နှံ့လျက် ရှိသည့်အတွက် တပ်မတော်နှင့် ပူးပေါင်းပြီး သတင်းဖော်ထုတ်ဖမ်းဆီးထိန်းချုပ်နိုင်ရေး လုပ်ငန်းများ ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။

ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု လျော့နည်းပပျောက်စေရေးအတွက် အစားထိုးလုပ်ငန်းများ ဖြည့်ဆည်းပေးနိုင်ရန် ဘိန်းအစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းတွေကိုလည်း UNODC, ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၊ တရုတ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အဖွဲ့တို့နဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သီးခြားဘဏ္ဍာငွေ ရရှိသုံးစွဲနိုင်ခဲ့ခြင်း မရှိတဲ့အတွက် လုပ်ငန်းများပိုမိုထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်သည့်ဘဏ္ဍာငွေ ခွဲဝေရရှိရေးကိုလည်း လုပ်ထုံးလုပ်နည်းများနဲ့အညီ တင်ပြဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အနေနဲ့ ၁၉၉၇ ခုနှစ်မှာ လာအို-မြန်မာတားဆီးနှိမ်နင်းရေးဆိုင်ရာ သဘောတူချက် လက်မှတ်ရေးထိုးခြင်း။ ၂၀၀၁ ခုနှစ်မှာ မြန်မာ-ထိုင်း မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း။ ၂၀၀၁ ခုနှစ်မှာ တရုတ်-မြန်မာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီး တားဆီးရေး၊ နှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာမှာ ၁၉၉၉-၂၀၀၀ မှ ၂၀၁၃-၂၀၁၄ အထိ (၁၅)နှစ်စီမံကိန်းကို လည်းကောင်း၊ ထပ်မံရေးဆွဲခဲ့တဲ့ (၅)နှစ် စီမံကိန်းကိုလည်း ၂၀၁၄-၂၀၁၅ ခုနှစ်ကနေ ၂၀၁၈-၂၀၁၉ အထိလည်းကောင်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ (၅)နှစ်စီမံကိန်း ကာလအတွင်း အဓိကအားဖြင့် ထုတ်လုပ်မှုလျှော့ချနိုင်ရေးအတွက် ရှမ်းပြည်နယ်မှာ မြို့နယ်(၄၀)၊ ကချင်ပြည်နယ်မှာ (၆)မြို့နယ်၊ ကယားပြည်နယ်မှာ (၃)မြို့နယ်၊ ချင်းပြည်နယ်မှာ (၂)မြို့နယ်နဲ့ စုစုပေါင်း (၅၁)မြို့နယ်ကို ဦးစားပေးမြို့နယ်များအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရာမှာ ၂၀၁၅ ခုနှစ်၊ မူးယစ်ဆေးဝါးအမှုပေါင်း (၆၄၁၄)မှု၊ ဖမ်းဆီးရမိခဲ့ပြီး တရားခံစုစုပေါင်း (၉၁၈၈)ဦး အရေးယူနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ မူးယစ်ဆေးဝါး အမှုပေါင်း (၄၆၇၇)မှု၊ တရားခံ ကျား(၆၁၄၄)ဦး၊ မ (၈၈၇)ဦး၊ စုစုပေါင်း (၇၀၃၁)ဦးကိုလည်း ဖမ်းဆီး အရေးယူခဲ့ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှာ ယခုအခါ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို အုပ်စုဖွဲ့၍ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်ကာ ဂိုဏ်းအသွင်စုဖွဲ့ပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လာတဲ့အတွက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့အနေနဲ့ သတင်းဖော်ထုတ်ပြီး မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့များအပြင် Task Force များဖွဲ့စည်းကာ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လူသူအရောက်အပေါက်နည်းသည့် နေရာများတွင် အုပ်စုလိုက် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့တဲ့အတွက် အမှုပေါင်း (၁၃)မှု၊ ဘိန်းဖြူ အလေးချိန် (၄၈၃.၈)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ကျား၊ မ တရားခံပေါင်း(၁၆၀)ဦးတို့ကိုလည်း ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

အလားတူ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ မောင်တောမြို့နယ်မှာရှိတဲ့ နယ်ခြားစောင့်တပ်ဖွဲ့ အချို့ထံမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသည့် ဖြစ်စဉ်အနေဖြင့်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့

မှ သတင်းရယူဖော်ထုတ်ခဲ့ပြီး တာဝန်ရှိသူများကိုယ်တိုင် ဝင်ရောက်ရှာဖွေ ဖော်ထုတ်ဖမ်းဆီးကာ ပါဝင်ပတ်သက်သူ ရဲတပ်ဖွဲ့ဝင်(၇)ဦးကိုလည်း ဖမ်းဆီးအရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အလားတူ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ကလေး-တမူး ဒေသမှာ ရဲတပ်ဖွဲ့အချို့နဲ့ ဝန်ထမ်းအချို့ရဲ့ မူးယစ်ဆေးဝါး ပါဝင်ပတ်သက်မှုများကို ဖော်ထုတ်အရေးယူမှုများလည်း ထိရောက်စွာ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့ဝင်များ အပါအဝင် မည်သည့် ဝန်ထမ်းအဖွဲ့အစည်းများမဆို မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုတွေမှာ တစ်စုံတစ်ရာ ပါဝင်ပတ်သက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးနှိမ်နင်းရေး ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဖွဲ့စည်းထားတဲ့ အဖွဲ့အဆင့်ဆင့်ဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အထူးစစ်ဆင်ရေး စီမံချက်များ ရေးဆွဲပြီး တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအထိ စစ်ဆင်ရေးပေါင်း (၁၂)ခုကို စစ်ဆင်ရေးကာလများ သတ်မှတ်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုလည်း တပ်မတော်နှင့် ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုအစိုးရသစ်ကာလ ပြည်သူလူထု အမှန်တကယ် အကျိုးသက်ရောက်မှုရှိမယ့် လုပ်ငန်းများ ဦးစားပေးဆောင်ရွက်လျက် ရှိသကဲ့သို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေနဲ့လည်း ပြည်သူလူထုအတွက် ရက်(၁၀၀) စီမံကိန်းကို ၁-၅-၂၀၁၆ ရက်နေ့မှ ၈-၈-၂၀၁၆ ရက်နေ့အထိ သတ်မှတ်ပြီး အထူးစီမံချက်ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိအခြေအနေအထိ စစ်ဆင်ရေးကာလအတွင်း မူးယစ်အမှုပေါင်း(၃၅၆)မှု၊ ကျားတရားခံ(၄၆၈)ဦး၊ မတရားခံ (၇၀)ဦး၊ စုစုပေါင်း (၅၃၈)ဦးကိုလည်း အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေးအဖွဲ့များဖြင့် ဖော်ထုတ်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့တဲ့အပြင် လိုအပ်သည့် နေရာများမှာလည်း သီးခြားစစ်ဆင်ရေးကို သီးခြား Task Force များဖွဲ့စည်းပြီး ဖမ်းဆီးမှုများကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း နေရာဒေသအလိုက် အထူးစစ်ဆင်ရေး စီမံချက်များရေးဆွဲပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းကို တည်ငြိမ်အေးချမ်းမှု မရှိတဲ့ဒေသများမှာ အဓိကထားထုတ်လုပ်လျက်ရှိတဲ့အတွက် တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းကာ မြေပြင်သတင်း ထောက်လှမ်းရယူဖျက်ဆီးခဲ့တဲ့အတွက် ၁၉၉၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ဘိန်းချက်စက်ရုံပေါင်း(၁၈၇)ရုံနဲ့ ၁၉၉၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် စက်ပေါင်း(၅၅)ခုအထိ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပညာပေးဟောပြောခြင်း (၅၁၅၆)ကြိမ်မှာ

လူဦးရေ (၄၈၀၀၀၀)ကျော်၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ သက်ဆိုင်ရာ ဒေသ အာဏာပိုင်များ၊ လူမှုရေး အဖွဲ့အစည်းများ၊ မူးယစ်ဆေးဝါးဆန့်ကျင့်ရေး ပြည်သူလူထုများနဲ့ ပူးပေါင်းပြီး ပညာပေးဟောပြောမှုများလည်း ပြုလုပ်လျက်ရှိပါတယ်။

ဒီဟောပြောပွဲများမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂၀ အရ မည်သူမဆို အများပြည်သူ ဝင်/ထွက်သွားလာနိုင်တဲ့ နေရာတွေမှာ မူးယစ်ပြစ်မှု ကျူးလွန်သူအပေါ် ဖမ်းဆီးခွင့်အာဏာပေးထားကြောင်းကိုလည်း အလေးအနက်ထား ထည့်သွင်း ဟောပြောခဲ့ပါတယ်။ ဒါ့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ကင်းစင်ရေးအတွက် ပညာပေး လက်ကမ်းစာစောင်များ ရေဆိပ်၊ ကားဂိတ်၊ မီးရထားဘူတာရုံ၊ ဈေးများနဲ့ ပညာပေးဟောပြောပွဲ အခမ်း အနားတို့မှာလည်း အလေးအနက်ထား ဖြန့်ဝေမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ် ဖောက်ကားမှု တိုက်ဖျက်ရေးနေ့မတိုင်မီ ကျောင်းများမှာ မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲများ ကျင်းပခြင်းကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် ဆေးကုသရေးနဲ့ ပြန်လည်ထူထောင်ရေး ကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးမှာ မူးယစ် ဗဟိုနဲ့ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ဖွင့်လှစ်ထားသည့် ပြန်လည် ထူထောင် ရေးစခန်း(၁)ခု၊ ကျန်းမာရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ဆေးကုသရေးဌာန (၂၆)ခု၊ ဆေးကုဌာန ငယ်(၄၇)ခုနှင့် မက်သာဒုံးအစားထိုး တိုက်ကျွေးမှု (၄၁)နေရာတို့ ဖွင့်လှစ်ပြီး ဆေးဝါးကုသခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်၊ အဆိုအပေါ်မူတည်ပြီး လိုအပ်သည့် နေရာများမှာ ထပ်မံတိုးမြှင့်မှုများလည်း ပြုလုပ် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်မှာရှိတဲ့ လုပ်ငန်းအဖွဲ့များ အနက် ပြန်လည်ထူထောင်ရေးအဖွဲ့ကို တာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအနေနဲ့ ဆေးဖြတ်ကုသမှု ခံယူပြီးသူများကို မူးယစ်ဆေးဝါးပြန်လည် မသုံးစွဲ စေရန်နဲ့ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းတို့ကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိသကဲ့သို့ အဆိုပါ လုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်ဆောင်ရွက် နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဟာ မူးယစ်ဆေးဝါး ပြဿနာကို ကမ္ဘာ့နိုင်ငံများ နည်းတူ နှစ်ကာလကြာရှည်စွာ ခံစားခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရ အဆက်ဆက်အနေနဲ့လည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်မှု နည်းပါးကြောင်း တွေ့ရ ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ တားဆီးနှိမ်နင်းရေးနဲ့ တရား စီရင်ရေး မဟာဗျူဟာတစ်ခုတည်းကိုသာ အသုံးချပြီးမရဘဲ အခြား စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး

နဲ့ ဖွံ့ဖြိုးရေးကဏ္ဍများကိုပါ ထည့်သွင်းရေးဆွဲရန် လိုအပ်လာကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါကြောင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှာ ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး ဘက်ပေါင်းစုံ ချဉ်းကပ်မှုများ ပါဝင်တဲ့ မူးယစ်ဆေးဝါးမူဝါဒများ ရေးဆွဲနိုင်ရေး လုပ်ငန်းအကြံပြုချက်များကိုလည်း ချမှတ်နိုင်ခဲ့ပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ ကုလသမဂ္ဂလုပ်ငန်း အကြံပြုချက်များနဲ့အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒအသစ်တစ်ရပ် ပေါ်ထွက်လာစေရေးကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၂၇ ရက်နေ့မှာ လက်ရှိ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ဖို့ မူးယစ်ဆေးဝါးမူဝါဒ အသစ်ပေါ်ထွက်လာစေရေးအတွက် လွှတ်တော်အသီးသီးမှ မူးယစ်ဆေးဝါး ပြဿနာနှင့် ဆက်နွယ်နေတဲ့ ကော်မတီများရဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးကို ဖိတ်ခေါ်ပြီး နေပြည်တော် သင်္ဂဟဟိုတယ်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေများ ကိုလည်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပါတယ်။

ဒီလိုဆွေးနွေးပွဲရဲ့ ရလဒ်များအဖြင့် သုံးစွဲမှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးရေး၊ ပင်ရင်းဂိုဏ်းအဖွဲ့ ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရေး၊ ဘက်ပေါင်းစုံမှ ဟန်ချက်ညီ ဖြေရှင်းရေး၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရေး၊ ဥပဒေပြင်ဆင်မှုအား အလေးထား ဆောင်ရွက်ရေးစတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အများစုရဲ့ သဘောထားကိုလည်း ရရှိခဲ့ပြီး အကောင်အထည်ဖော်ဆောက်ရွက်နိုင်ရေး စီမံလျက်ရှိပါတယ်။ အလားတူပဲ ဇွန်လ ၂၈ ရက်နေ့မှာ နှီးနွှယ်အစိုးရအဖွဲ့များ ပါဝင်တဲ့ မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပခဲ့ပြီး ဘက်ပေါင်းစုံချဉ်းကပ်မှုတွေ ပါဝင်တဲ့ မူးယစ်ဆေးဝါးမူဝါဒတစ်ရပ် ပေါ်ထွက်လာစေရေး မူးယစ်ဗဟိုအဖွဲ့ရဲ့ ဆောင်ရွက်နေမှုများကိုလည်း ရှင်းလင်းခဲ့ပြီး အပြန်အလှန် ဆွေးနွေးမှုများနဲ့ ရလဒ်များကိုလည်း ဖော်ထုတ်ချမှတ်နိုင်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးမူဝါဒအသစ်တစ်ရပ် ပေါ်ထွက်လာစေရေး၊ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံတကာ အခြေအနေ၊ မူဘောင်များနဲ့ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်း အကြံပြုချက်အချို့ကို သက်ဆိုင်ရာအဖွဲ့များမှ ဆွေးနွေးအကြံပြုနိုင်ရေးအတွက်လည်း မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး ၁/၂၀၁၆ ကို ဒီကနေ့မှာ စတင်ကျင်းပလျက် ရှိပါတယ်။ ဇွန်လ ၂၆ ရက်နေ့၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားမှာ နိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ လုပ်ငန်း လမ်းညွှန်များ ပါရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းလမ်းညွှန်တွေ အပေါ်မှာ အခြေခံပြီး ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ ဘက်ပေါင်းစုံပါဝင်ပြီး ပြီးပြည့်စုံတဲ့ မူဝါဒကောင်းတစ်ခု ဖြစ်ပေါ်လာစေရေး အတွက်လည်း ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့လည်း မူဝါဒ ဖော်ဆောင်ရေး၊ Road Map ရေးဆွဲခြင်းနဲ့ ပါဝင်သင့်တဲ့ကဏ္ဍများ၊ အဖွဲ့အစည်းများ ပါဝင်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ရှမ်းပြည်နယ် အမှတ်(၃) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်ခမ်း ၏ တင်သွင်းခဲ့ သည့် အဆိုအပေါ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးအကြံပြုချက်များဟာ ယနေ့ ကြုံတွေ့နေ

ရတဲ့ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်ပြီး အခြေအနေ အရပ်ရပ်အပေါ်မှာ စိတ်ကောင်းစေတနာဖြင့် ဝိုင်းဝန်းဆွေးနွေးခဲ့ကြတဲ့အပြင် မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး လုပ်ငန်းများအတွက်လည်း များစွာအထောက်အကူဖြစ်တဲ့ ဆွေးနွေးချက်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီးများရဲ့ အပြုသဘောဆောင်တဲ့ အကြံပြုဆွေးနွေးချက် အားလုံးအပေါ်မှာလည်း ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်မှုမှာ အလေးအနက်ထား ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကိုလိုနီစနစ်ရဲ့ အမွေဆိုးဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးကို လွှတ်တော်၊ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်း အောင်မြင်မှုများ မလွဲမသွေရရှိလာနိုင်မှာဖြစ်ကြောင်း၊ ယုံကြည်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာမှာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါး ကုသရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ၊ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်၊ မူဝါဒများနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် လိုအပ်သည့် နေရာများကိုလည်း အရှိန်အဟုန်မြှင့် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူသွားမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၃ဝ။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းတဲ့ မြန်မာနိုင်ငံ အနှံ့အပြားတွင် မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားနေမှုများ၊ အုပ်စုလိုက် မူးယစ်ဆေးဝါး သုံးစွဲသည့် နေရာများအား အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများကို ရပ်ကွက်/ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းများ လိုအပ်သည့်နေရာများတွင် တိုးမြှင့်ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ စက်ခလုတ်နဲ့ ဆန္ဒပေးတဲ့အခါမှာ အဆိုကို အတည်ပြုရန် သဘောတူလျှင် အစိမ်းရောင်ခလုတ်၊ အဆိုကို အတည်ပြုရန် သဘောမတူလျှင် အနီရောင် ခလုတ်နှင့် ကြားနေရင် အဝါရောင်ခလုတ်ကို နှိပ်ဖို့ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၂၀၀)မဲ၊ ကန့်ကွက်မဲ(၁)မဲ၊ ကြားနေမဲ(၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၃၃ နာရီအချိန်တွင် ရပ်နားပါသည်။]